စိတ်ကူးချိုချိုအနုပညာ

# လူ့ ညဉ် လူ့ အကြော

လှသမိန်



တတိယအကြိမ်

mgyoe.com

ဟင်းမွှေသော ယောက်မသည်
ဟင်း၏ အရသာကို မသိနိုင်သကဲ့သို့
လူနှင့်လူချင်း ပေါင်းသင်းဆက်သွယ်နေကြသော်လည်း
သုံးသပ်လေ့လာ၍ ထွင်းဖောက်မြင်နိုင်စွမ်းမရှိပါမူ
လူ၏ အကြောကို သိနိုင်မည် မဟုတ်ပေ။
မြစ်ကို အလျားလိုက်ကူးလျှင် မြစ်ဖျားခံရာသို့လည်းကောင်း၊
မြစ်ဝသို့လည်းကောင်း ရောက်ကောင်းရောက်ပေဦးမည်။
လူကို လေ့လာရာ၌ကား ဆုံးခန်းသို့ တိုင်မည် မဟုတ်ပေ။
သို့စေကာမူ အမှတ်မဲ့နေခြင်းထက် သိမိသမျှ
သုံးသပ်လေ့လာခြင်းကြောင့် အကျိုးများစွာ ရှိစေနိုင်ပေသည်။
လူထဲတွင် လူကောင်းများကိုလည်း မြင်လာပေမည်။
လူဆိုးများကိုလည်း ရိပ်စားမိလာပေမည်။
မည်သူနှင့်တွဲ၍ မည်သူနှင့် ခွဲရမည်၊ မည်သူ့ကို တွယ်၍
မည်သူ့ကို ဖယ်ရမည် စသည်ဖြင့် ဆုံးဖြတ်နိုင်စွမ်း
ရှိလာပေမည်။
မိမိကိုယ်တိုင် မိမိသန္တာန်ကို ပြန်လည်ဆန်းစစ်ကာ
မိမိ၌ စွဲမှီနေသော စရိုက်ဆိုး၊ ဉာဉ်ဆိုးကို ပယ်၍
သဘောကောင်း၊ အလေ့ကောင်းကို စွဲပိုက်နိုင်ပေလိမ့်မည်။
''လူ့ဉာဉ် လူ့အကြော'' ကို သိမြင်သော သူသည်
လူ့ဘဝတွင် အကျိုးကြီးစွာ ထုတ်ဖော်ခံစားနိုင်လိမ့်မည်ဟု
ယုံကြည်ပေသည်။
လူကို လူကဲ့သို့ မြင်တတ်ရေးတွင်
ဤစာအုပ်သည် အကျိုးပြုနိုင်ကောင်း၏ဟု
ကြိုတင်တွက်ဆမိပါသတည်း။

# လူ့ဉာဉ်
# လူ့အကြော

**လှသမိန်**

ISBN9789997130259
HTM31
9 789997 130259
2,500.00 KS

mgyoe.com

လူ့ညဉ့် လူ့အကြော၊ လှသမိန်
စာမျက်နှာ ၂၁၈ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၉၊ ပတ္တမြားမောက်စာအုပ်တိုက်ထုတ်၊ ဒုတိယအကြိမ်မှ

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာ | က |
| ၁။ | သူတစ်ပါးကိုဒုက္ခပေးခြင်း၌ မွေ့လျော်ခြင်း | ၁ |
| ၂။ | အကြွေးယူ ဝါသနာပါခြင်း | ၄ |
| ၃။ | မြှောက်ပင့်တတ်ခြင်း | ၇ |
| ၄။ | တစ်ဖက်သတ် အထင်သေးခြင်း | ၁၀ |
| ၅။ | အငှားအရမ်းထူခြင်း | ၁၃ |
| ၆။ | အထေ့အငေါ့ပြောတတ်ခြင်း | ၁၆ |
| ၇။ | မျက်နှာလိုက်တတ်ခြင်း | ၁၉ |
| ၈။ | မိမိကိုယ်ကို အထင်ကြီးတတ်ခြင်း | ၂၂ |
| ၉။ | သူတစ်ပါးကို အထင်သေးတတ်ခြင်း | ၂၅ |
| ၁၀။ | မိမိဘဝကို ခင်းပြတတ်ခြင်း | ၂၈ |
| ၁၁။ | ကိုယ့်ထက်သာ မနာလိုခြင်း | ၃၁ |
| ၁၂။ | ခုတုံးလုပ်၍ နင်းတက်ခြင်း | ၃၄ |
| ၁၃။ | ဖောက်ပြန်တတ်ခြင်း | ၃၇ |
| ၁၄။ | စကားရှုပ်တတ်ခြင်း | ၄၀ |
| ၁၅။ | ကိုယ့်အပြစ်ကို ဖုံးကွယ်တတ်ခြင်း | ၄၃ |
| ၁၆။ | ဖြတ်လမ်းနည်း ရှာတတ်ခြင်း | ၄၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၇။ | တံစိုးလက်ဆောင်မက်မောခြင်း | ၄၉ |
| ၁၈။ | ဘုကျတတ်ခြင်း | ၅၂ |
| ၁၉။ | မျက်နှာလို မျက်နှာရ လုပ်တတ်ခြင်း | ၅၅ |
| ၂၀။ | စိတ်တစ်သမတ်တည်းမရှိခြင်း | ၅၈ |
| ၂၁။ | အငြိုးအမှတ်ထားတတ်ခြင်း | ၆၁ |
| ၂၂။ | အပြောကြီးတတ်ခြင်း | ၆၄ |
| ၂၃။ | တပည့်မွေး ဆရာမွေး မွေးတတ်ခြင်း | ၆၇ |
| ၂၄။ | ဟန်ဆောင်တတ်ခြင်း | ၇၀ |
| ၂၅။ | အထအန ကောက်တတ်ခြင်း | ၇၃ |
| ၂၆။ | မကောင်းမှုကို ပြုလုပ်တတ်ခြင်း | ၇၆ |
| ၂၇။ | အပြစ်ရှာတတ်ခြင်း | ၇၉ |
| ၂၈။ | ကိုယ်ချင်းမစာတတ်ခြင်း | ၈၂ |
| ၂၉။ | မနာလိုဖြစ်တတ်ခြင်း | ၈၅ |
| ၃၀။ | အမြှောက်ကြိုက်တတ်ခြင်း | ၈၈ |
| ၃၁။ | ယုံကြည်ချက်ကို ဆုပ်ကိုင်တတ်ခြင်း | ၉၁ |
| ၃၂။ | သက်သာမှုကိုရှာတတ်ခြင်း | ၉၄ |
| ၃၃။ | ဂုဏ်နောက်လိုက်တတ်ခြင်း | ၉၇ |
| ၃၄။ | မှုနှင့်လွတ်တတ်ခြင်း | ၁၀၀ |
| ၃၅။ | ယုံလွယ်တတ်ခြင်း | ၁၀၃ |
| ၃၆။ | ဆရာလုပ်ချင်တတ်ခြင်း | ၁၀၆ |
| ၃၇။ | အသာယူလိုခြင်း | ၁၀၉ |
| ၃၈။ | အပြောလွယ်တတ်ခြင်း | ၁၁၂ |
| ၃၉။ | ပညာပြတတ်ခြင်း | ၁၁၅ |
| ၄၀။ | လိပ်ပြာမလုံတတ်ခြင်း | ၁၁၈ |


mgyoe.com

mgyoe.com


၄၁။ အခြေအနေနှင့် ဟပ်အောင်နေတတ်ခြင်း ၁၂၁
၄၂။ အတုယူတတ်ခြင်း ၁၂၄
၄၃။ သံသယရှိတတ်ခြင်း ၁၂၇
၄၄။ လွတ်လပ်ခွင့်ကို မြတ်နိုးခြင်း ၁၃၀
၄၅။ အားကိုးရာကိုရှာတတ်ခြင်း ၁၃၃
၄၆။ စိတ်ဓာတ်ကျတတ်ခြင်း ၁၃၆
၄၇။ အချောင်လိုက်တတ်ခြင်း ၁၃၉
၄၈။ အားနာတတ်ခြင်း ၁၄၂
၄၉။ လွန်ပြီးမှ နောင်တရတတ်ခြင်း ၁၄၅
၅၀။ မိမိစိတ်ချမ်းသာမှုကို လိုလားခြင်း ၁၄၈
၅၁။ ဉာဏ်ထုတ်တတ်ခြင်း ၁၅၁
၅၂။ ရှူးတတ်ခြင်း ၁၅၄
၅၃။ သံယောဇဉ်တွယ်တတ်ခြင်း ၁၅၇
၅၄။ လျှို့ဝှက်တတ်ခြင်း ၁၆၀
၅၅။ ရှက်တတ်ခြင်း ၁၆၃
၅၆။ အသစ်အဆန်းကို ခုံမင်တတ်ခြင်း ၁၆၆
၅၇။ လက်စားချေတတ်ခြင်း ၁၆၉
၅၈။ ဒေါသပေါက်ကွဲတတ်ခြင်း ၁၇၂
၅၉။ ဓာတိရုပ်ပေါ်ခြင်း ၁၇၅
၆၀။ လှုံ့လလျှော့တတ်ခြင်း ၁၇၈
၆၁။ သဘာဝကို အန်တုအနိုင်ယူတတ်ခြင်း ၁၈၁
၆၂။ နားသာမှုကိုလိုလားခြင်း ၁၈၄
၆၃။ တာဝန်ကိုကြောက်တတ်ခြင်း ၁၈၇
၆၄။ ရောစ္ဆလိုက်တတ်ခြင်း ၁၉၀


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၆၅။ | တစ်ဖက်သတ်မြင်တတ်ခြင်း | ၁၉၃ |
| ၆၆။ | အစွဲအလမ်းထားတတ်ခြင်း | ၁၉၆ |
| ၆၇။ | စိတ်ရောဂါတစ်ခုခုရှိတတ်ခြင်း | ၁၉၉ |
| ၆၈။ | အနှံ့အတာခံတတ်ခြင်း | ၂၀၂ |
| ၆၉။ | အကဲခတ်တတ်ခြင်း | ၂၀၅ |
| ၇၀။ | အထပ်ထပ်ပြောတတ်ခြင်း | ၂၀၇ |
| ၇၁။ | ရင်ဖွင့်တတ်ခြင်း | ၂၁၀ |
| ၇၂။ | မသိချင်ယောင်ဆောင်ခြင်း | ၂၁၃ |
| ၇၃။ | ဆန္ဒကို ဦးစားပေးတတ်ခြင်း | ၂၁၆ |


❒

mgyoe.com

mgyoe.com

# အမှာ

စာရေးသူသည် **"လူ့စရိုက်လူ့သဘော"** အမည်ရှိ စာအုပ်နှင့် **"လူ့စိတ်လူ့မနော"** အမည်ရှိ စာအုပ်များကို ရေးသားထုတ်ဝေခဲ့ပြီးလေပြီ။ သို့ရာတွင် လူ့အကြောင်းကို လေ့လာတွေ့ရှိချက်များမှာ မကုန်ဆုံးနိုင်သေးပေ။ အသက်ရင့်၍ လူနှင့် အထိအတွေ့များကာ လူအမျိုးမျိုးနှင့် ဆုံကြုံရလေတိုင်း လူ့အကြောင်းကို (ဝါ) လူ့အကြောကို ပို၍ ပို၍သာ သိလာရပေသည်။

လူသည် သတ္တလောကတွင် အရေးပါဆုံးသော၊ အတိုးတက်ဆုံးသော၊ စွမ်းအားအဖန်တီးနိုင်ဆုံးသော၊ အထုတ်လုပ်နိုင်ဆုံးသော သတ္တဝါပင်ဖြစ်သည်။ သို့ဖြစ်သည်နှင့်အမျှ စရိုက်၊ ဉာဉ် သဘောထွေပြား၍ လျှို့ဝှက်နက်နဲ အသိခက်သော သတ္တဝါလည်း ဖြစ်ပေသည်။ ဟန်ဆောင်တတ်ခြင်း၊ ဖုံးကွယ်လှည့်စားတတ်ခြင်းသည် လူ၏ကျွမ်းကျင်မှု ပညာတစ်ရပ်ဖြစ်ပေရာ လူကို သုံးသပ်လေ့လာခြင်းမှာလည်း ပို၍ ခက်ခဲနက်နဲရပြန်ပေသည်။

mgyoe.com

mgyoe.com



ဟင်းမွှေသော ယောက်မသည် ဟင်း၏ အရသာကို မသိနိုင်သကဲ့သို့ လူနှင့်လူချင်း ပေါင်းသင်းဆက်သွယ်နေကြသော်လည်း သုံးသပ်လေ့လာ၍ ထွင်းဖောက်မြင်နိုင်စွမ်း မရှိပါမူ လူ၏အကြောကို သိနိုင်မည် မဟုတ်ပေ။

စာရေးသူသည် အလုပ်အကိုင်အမျိုးမျိုး၊ ဌာနအဖုံဖုံ၊ ရပ်ကွက်အသီးသီး၊ ခရီးအခေါက်ခေါက်၊ အသင်းအဖွဲ့အစုံစုံတို့တွင် ထွက်ဝင်ကူးလူး လာခဲ့ရသူဖြစ်ပေရာ လူအမျိုးမျိုးနှင့် ဆက်ဆံခွင့်ရခဲ့ပေသည်။ အတန်းအစား အလွှာမျိုးစုံလည်း ပါဝင်ပေသည်။ ဤမျှဖြင့် လူ့အကြောင်းကို သိလှပြီ ဟူ၍ ဝန်မခံရဲပေ။ သို့ရာတွင် သာမန်လူနှင့် နှိုင်းစာလျှင် သတိထား၍ စူးစမ်းအကဲခတ် သုံးသပ်လာခဲ့ရသဖြင့် လူ့စရိုက်၊ လူ့ဉာဉ်၊ လူ့အကြောကို အတန်ငယ် တွေ့သိနားလည်ခဲ့ရပေသည်။ ဤသို့ သုံးသပ်မိသမျှသော လူ့အကြောကို ဤတွင် တစ်စောင်တစ်ဖွဲ့ ရှင်းလင်းတင်ပြထားခြင်း ဖြစ်ပေသည်။ မြစ်ကို အလျားလိုက်ကူးလျှင် မြစ်ဖျားခံရာသို့လည်းကောင်း၊ မြစ်ဝသို့လည်းကောင်း ရောက်ကောင်း ရောက်ပေဦးမည်။ လူကို လေ့လာရာ၌ကား ဆုံးခန်းသို့တိုင်မည် မဟုတ်ပေ။ သို့စေကာမူ အမှတ်မဲ့နေခြင်းထက် သိမိသမျှ သုံးသပ်လေ့လာခြင်းကြောင့် အကျိုးများစွာ ရှိစေနိုင်ပေသည်။

လူထဲတွင် လူကောင်းများကိုလည်း မြင်လာပေမည်။ လူဆိုးများကိုလည်း ရိပ်စားမိလာပေမည်။ မည်သူနှင့်တွဲ၍ မည်သူနှင့် ခွဲရမည်၊ မည်သူ့ကိုတွယ်၍ မည်သူ့ကို ဖယ်ရမည် စသည်ဖြင့် ဆုံးဖြတ်နိုင်စွမ်း ရှိလာပေမည်။ မိမိကိုယ်တိုင် မိမိသန္တာန်ကို ပြန်လည်ဆန်းစစ်ကာ မိမိ၌စွဲမှီနေသော စရိုက်

mgyoe.com

mgyoe.com



ဆိုး၊ ညဉ့်ဆိုးကိုပယ်၍ သဘောကောင်း၊ အလေ့ကောင်းကို စွဲပိုက်နိုင်ပေလိမ့်မည်။ လူကို လေ့လာမိသောပညာ၊ လူကို သုံးသပ်မိသော အသိဖြင့် မကင်းနိုင်သော လူ့လောကတွင် ဆက်လက် အသက်ရှင်ကျန်နေရာ၌ ကောင်းကျိုး ဖန်တီးရယူနိုင်ပေလိမ့်မည်။ သမားအတတ်ကို တတ်မြောက်သိမြင်သော သမားတော်သည် အဆိပ်အတောက်ကို ရှောင်၍ သြဇာအာဟာရ စားသုံးနိုင်ပေလိမ့်မည်။ သူတစ်ပါး၏ ရောဂါဝေဒနာကို ကုမနိုင်ပြီး မိမိ ရုပ်ခန္ဓာ၏ ကျန်းမာမှု အခြေအနေကိုလည်း ဆင်ခြင်စစ်ဆေး၍ လိုအပ်သလို ပြုပြင်လိုက်နာနိုင်ပေလိမ့်မည်။ ဤနည်းတူသာလျှင် **"လူ့ညဉ့် လူ့ အကြော"** ကို သိမြင်သော သူသည်လည်း လူ့ဘဝတွင် အကျိုးကြီးစွာ ထုတ်ဖော်ခံစားနိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။

လူကို လူကဲ့သို့ မြင်တတ်ရေးတွင် ဤစာအုပ်သည် အကျိုးပြုနိုင်ကောင်း၏ဟု ကြိုတင်တွက်ဆမိပါသတည်း။

**လှသမိန်**

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# သူတစ်ပါးကို ဒုက္ခပေးခြင်း၌ မွေ့လျော်ခြင်း

ကျောင်းသားဘဝတွင် ကျောင်းသားတစ်ယောက်၏ ဖိနပ်ကို တစ်ယောက်က ဝှက်ထား၏။ ထမင်းဘူးကို နေရာရွှေ့ထား၏။ ပစ္စည်းမတွေ့သူမှာ ကျောင်းဆင်း၍ ပြန်ချင်ဇောကလည်း ဖိစီး၊ မိမိပစ္စည်းပျောက်သည်ကိုလည်း နှမြော၊ အိမ်က မိဘ ဆူပူရိုက်နှက်မည်ကိုလည်း စိုးရွံ့ကာ တစ်ထောက်ပတ်ပတ်ရှာဖွေ၏။ ရှာ၍မတွေ့လေ အချိန်ကလည်းနောက်ကျလေ စိတ်သောက ပို၍ရောက်လေ ဖြစ်ရရှာ၏။ ကွယ်ရာတချောင်ချောင်မှ ချောင်း၍ကြည့်နေသော ပယောဂရှင်ကမူကား ထိုအဖြစ်ကိုကြည့်၍ ပီတိဖြစ်နေ၏။ အကယ်၍ ဖြစ်လိုရာဖြစ်စေ ထားပစ်ခဲ့သူဖြစ်ကလည်း **"ခုဆိုရင်တော့ ဒီကောင် တော်တော်စိတ်ညစ်နေရပြီ"** ဟု တွေးကာ ပီတိဖြစ်နေတတ်၏။

ဤညဥ်သည် သာမန်တွေးလျှင် ပျော်ရပါးရရုံ နောက်ပြောင်ကျီစားသော အမှုမျှသာဖြစ်သည်ဟု ထင်စရာရှိပေမည်။ စင်စစ်သော်ကား သူတစ်ပါး ဒုက္ခရောက်သည်ကိုမှ ကြည့်ရှု၍ ကြည်နူးသာယာတတ်သော လူ၏ ညဥ်ဆိုးတစ်ရပ်သာ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


ခွေး၏အမြီးတွင် သံတုံးချည်၍လွှတ်ခြင်း၊ ကျီးကန်းကိုဖမ်း၍ နှုတ်သီးဖြတ်လွှတ်ခြင်း၊ သူတစ်ပါးထိုင်မည့်ခုံတွင် ခွေးလှေးယားသီးမွေးသုတ်ထားခြင်း၊ သူတစ်ပါးနောက်ကျောကို မင်နှင့်ပက်ခြင်း၊ စာကပ်လွှတ်ခြင်း စသည့်များစွာသော ညဉ်ဆိုးများသည် နောင်သောအခါ သူတစ်ပါးကို တမင်သက်သက် ချောက်တွန်းဒုက္ခပေး၍ သွေးအေးအေးနှင့် နှိပ်စက်ရခြင်းကို နှစ်သက်ကျေနပ်နေတတ်သော ညဉ်မျိုးသို့ ပြောင်းလဲသွားတတ်ပေသည်။

သူတစ်ပါး၏ ဥစ္စာကို မတရားလိုချင်၍ ဓားပြတိုက်ကာ နှိပ်စက်ခြင်း၊ လူသတ်ခြင်းမှာ လောဘ၊ ဒေါသ လွှန်ကဲသော ရက်စက်မှုမျိုးဖြစ်ပေသည်။ မိမိအတွက်လည်း ဘာအကျိုးမျှမရှိဘဲ သူတစ်ပါးကို ဒုက္ခရောက်စေပြီး ထိုသို့ ဒုက္ခပေးနိုင်သည်ကိုပင် ကြည်နူးအားရ ကျေနပ်ပီတိဖြစ်နေသော ညဉ်မျိုးမှာကား ဓားပြလူဆိုးတို့ထက် ပို၍ ဆိုးယုတ်မှုသာဖြစ်ပေသည်။ သို့ရာတွင် ထိုသို့ သူတစ်ပါးကို ဒုက္ခရောက်အောင်လုပ်ရခြင်း၌ ပျော်မွေ့နေသော လူများစွာရှိနေပေသည်။ အကြောင်းပေါ်မှ သတိပြုမိရတတ်ပေသည်။

လူတစ်ယောက်ကို လိပ်စာတလွဲညွှန်၍ ဒုက္ခပေးပြီး ဟားတိုက်ရယ်နေသူမျိုးကို တွေ့ရပေမည်။ လူတစ်ဖက်သားအား အလုပ်ပြုတ်အောင် အကွက်ဆင်၍ ချောက်တွန်းသူကို တွေ့ရပေမည်။ **"ဒီကောင့်ကိုတော့ နှိမ်ထားမှပဲ"** ဟု စိတ်ကူးရောက်ကာ အခွင့်အာဏာကိုသုံး၍ သူတစ်ပါး စိတ်ဆင်းရဲမှု ဖန်တီးသူမျိုးကိုလည်း တွေ့ရှိရပေမည်။ သူများအိမ်ကို မီးကွင်းပစ်၍ မီးလောင်သည်ကိုကြည့်ပြီး ကျေနပ်နေသူများလည်း ရှိပေသည်။ ဤသူများသည် အရူးတစ်မျိုး၊ စိတ်ဝေဒနာရှင်တစ်မျိုး ဖြစ်ကောင်း ဖြစ်ပေမည်။ သို့ရာတွင် လူစိတ် သူစိတ် အသိတရား လုံးဝကင်းပြတ်နေသူများကား မဟုတ်ပေ။ ထိုသူများ၏ အပြု

mgyoe.com

mgyoe.com


အမူမှာ ခွင့်လွှတ်နိုင်စရာ မရှိပေ။ မိမိ၏ စိတ်အလိုလိုက်ကာ မိမိညဉ့်ဆိုးမှန်းမသိ၊ ပယ်ရှားစွန့်ပစ်ရကောင်းမှန်းမသိ မိုက်တွင်းနက်နေသူမျိုးသာ ဖြစ်ပေသည်။ မုဒိတာတရားကို ဆန့်ကျင်နေသူမျိုး ဖြစ်ပေသည်။

ဤသို့သော ညဉ့်ဆိုးရှိသူများကို သတိထား၍ အဝေးက ရှောင်ရပေမည်။ မိမိကိုယ်တွင် ဤညဉ့်ဆိုးမျိုး မတွယ်ကပ်အောင် ဖယ်ရှားရပေလိမ့်မည်။

❒

mgyoe.com

mgyoe.com

## အကြွေးယူ ဝါသနာပါခြင်း

အများအားဖြင့် ဆင်းရဲနွမ်းပါးသူတို့၌ ငွေကြေးမပြည့်စုံခြင်းကြောင့် မိမိရရန်ရှိသော ငွေများ မရသေးမီ အကြွေးအငှားယူ၍ စားသုံးကာ အခက်အခဲ ဖြေရှင်းကြရပေသည်။ အကြွေးတင်ခြင်း၊ ကြွေးရှင်၏ အပူအဆူ အငြိုအငြင်ခံရခြင်းတို့ကြောင့် ကြွေးကို ကြောက်သူများ ရှိပေသည်။ တတ်နိုင်သမျှ ခြိုးခြံချွေတာကာ နာရေးနှင့် အတိဒုက္ခရောက် ချိန်မှတစ်ပါး ကြွေးမြီကင်းအောင် ရှောင်တတ်ကြသူများရှိပေသည်။

ကြွေးဆိုသည်မှာလည်း မိမိတွင် ပြန်၍ ပေးဆပ်နိုင်ရန် အလားအလာ၊ မိမိလိုက်မီနိုင်သော အတိုင်းအတာပမာဏတို့ကို ချိန်ဆ၍ ယာယီ အကူအညီယူမှုအဖြစ် အားကိုးရသည့် အရေးပေါ် ဖြေရှင်းနည်းသာ ဖြစ်ပေသည်။ မိမိဆပ်နိုင်မည်၊ မဆပ်နိုင်မည်မှာလည်း အကြောင်းမဟုတ်။ လောလောဆယ် လိုတရလျှင် ကိစ္စပြီးပြီဟု သဘောထားကာ ရနိုင်သူထံမှ ရသမျှကြွေးကိုယူပြီး စိတ်အေးလက်အေး မကြောင့်မကြ သုံးစားနေသူများ ရှိတတ်ပေသည်။ တစ်ယောက်ထံမှယူ၍ တစ်ယောက်ကို ပြန်ဆပ်ကာ ကြွေးရှင်လက်ပြောင်းနေသူမျိုးလည်း ရှိပေသည်။

mgyoe.com

mgyoe.com


**"ကြွေးထူမပူ သန်းထူမယား"** ဆိုသကဲ့သို့ ကြွေးရှင်၏ အဆဲအဆို အကျိန်အဆဲကို ငုံ့၍ခံနေတတ်သူမျိုးလည်း ရှိပေသည်။ အဟောင်းပေး အသစ်ယူကာ ကြွေးသံသရာမပြတ်သူမျိုးလည်း ရှိပေသည်။ ယူသည့် အကြွေးနှင့် ဆပ်ပေးနိုင်အားမမျှဘဲ အတိုးတက်ကာ ***ဘိုးဘိုးအောင် ဝလုံးတိုး*** သကဲ့သို့ ကိန်းဂဏန်းတိုးပြီး ကြွေးလည်ပင်းခိုက်နေသူမျိုး လည်း ရှိပေသည်။

ကြွေးဆိုရာ၌ တန်ရာတန်ဖိုးနှင့် ကူညီမစသော ကြွေးမျိုးသာမဟုတ်ဘဲ အဆမတန် အတိုးပေး၍ဖြစ်စေ၊ အတိုးအတွက် ကာမိအောင် မတန်တဆ အမြတ်တင်ထားသော တန်ဖိုးနှင့် ပိုင်းဖြတ်၍ဖြစ်စေ ယူကြရသော အကြွေးမျိုးလည်းရှိပေရာ ကြွေးတင်မိလျှင် ရုန်းထွက်ရခက်၍ မနိုင်ဝန်ထမ်းကာ ကြွေးအောက်၌ပိကာ ဗုန်းဗုန်းလဲရတတ်ပေသည်။

အကြွေးသာရလျှင် နောင်ခါလာနောင်ခါချေး ဆင်တစ်ကောင်လုံး ဝယ်ချက်စားမည်ဆိုသူမျိုးလည်း ရှိတတ်ပေသည်။ မိမိ၏ အင်အားနှင့် အလားအလာကို အယုံစားလွန်၍ဖြစ်စေ၊ အတွက်မှား၍ဖြစ်စေ အကြွေးကြောင့် ဘဝနာတတ်ပေသည်။ မရှောင်မလွှဲသာ၍ စားဖို့၊ ဝတ်ဖို့ ယူရသော ကြွေးမျိုးသာမကဘဲ ချက်ချင်းလက်ငင်း မပေးရသဖြင့် ဝတ်ကောင်းစားလှ၊ ဖိမ်ခံပစ္စည်း၊ ပကာသန၊ အလှူအတန်း၊ အပျော် အပါးမှု စသည်တို့ကို အကြွေးဖြင့် ရယူသာယာနေမည်ဆိုက ဘဝတွင် လုံးပါးပါး ရပေလိမ့်မည်။ မယူဘဲနေ၍ရသော ကြွေးမျိုးကို မယူဘဲသာ နေရပေမည်။

အကြွေးယူ၍ ကျွေးလျှင် စားမည့်သူများ ရှိပေမည်။ ပွဲပိုးလျှင် လက်သင့်ခံသူများ ရှိပေမည်။ ကြွားဝါပလွှားလျှင် လက်ခုပ်တီးမည့်သူများ ရှိပေမည်။ သို့ရာတွင် ကြွေးတင်သောအခါ ထိုသူများက လာ၍ ကူညီဆပ်ပေးကြလိမ့်မည် မဟုတ်ပေ။ ကြွေးတင်၍ ရှင်ဘုရင်က ဆပ်မည်

mgyoe.com

mgyoe.com


မဟုတ်ပေ။ မိမိ လော်လည်ကြွေးကို မိမိသာ ခါးစည်း၍ ဆပ်ရပေလိမ့်မည်။ ***ကြွေးတင် ကျွန်ဖြစ်*** ဆိုသကဲ့သို့ အတိုးအလွန်အမင်း ပေးရရှိသာမက ကြွေးပူသောအခါ ရှိပစ္စည်းကို မတန်ရေတန်ရေ ရောင်းချထုခွဲရသည့်အခြေသို့ရောက်၍ မိမိသာ နစ်မွန်းပေမည်။ အကြွေးယူဝါသနာရှိလာလျှင် အကြွေးကို မကြောက်တတ်ဘဲ အတင့်ရဲလာတတ်ပေသည်။ ထို့ကြောင့် အကြွေး လွယ်လွယ်ပေါ့ပေါ့ ယူတတ်သော ဉာဉ်ကိုလည်း တိုက်ဖျက်ရပေမည်။

❒

mgyoe.com

mgyoe.com

## မြှောက်ပင့်တတ်ခြင်း

မိမိအကျိုးကို ကြည့်တတ်သောလူသည် သဘာဝအတိုင်းပင် မိမိအကျိုးရှိရာ ရှိကြောင်းအတွက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မြှောက်ပင့်ခယ၍ အလိုလိုက် အကြိုက်ဆောင်တတ်မြဲ ဖြစ်ပေသည်။ မိမိအကျိုးပြုနိုင်မည့် အခွင့်အာဏာရှိသူ၊ မိမိအလိုသို့ လိုက်စေလိုသူများကို မြှောက်ပင့်ပြောတတ်ပေသည်။ အကြိုက်တွေ့အောင် ပလီစိချောက်ချက် ပြောတတ်ပေသည်။

**"မဟာဗြဟ္မေ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာသီ၍၊ ကျူးချီးမြှောက်ဖော်"** စသည်ဖြင့် အလွန်အကြူး မြှောက်ပင့်ခြင်းမျိုးမှာ မထူးဆန်းလှပေ။ အဘယ်ကြောင့်ဆိုသော် လူသည် သူတစ်ပါးကို မြှောက်ပင့်လိုသလောက် မိမိလည်း မြှောက်ပင့်ခြင်းကို သာယာတတ်သောကြောင့် ဖြစ်ပေသည်။ မိမိ အမြှောက်ခံရသော မြှောက်ပြောသည်ကို သိနေသော်လည်း တစ်ဖက်သားမြှောက်သော စကားများထဲတွင် အတော်အသင့်မှာ ဟုတ်မှန်သယောင် ထင်မြင်လာ၍ ပီတိဖြစ်တတ်ပေသေးသည်။ အထင်ကြီးခံချင်သော ပင်ကိုစိတ်တွင် ပံ့ပိုးမှုတစ်ရပ် ဖြစ်လာပေသည်။

mgyoe.com

mgyoe.com



သူတစ်ပါး၏ ဂုဏ်ကို ဖော်ထုတ်ခြင်းသည် ကောင်းသော အပြုအမူ ဖြစ်ပေသည်။ သို့ရာတွင် အမှန်တကယ် အရှိတရားထက် လွန်ကဲ၍ တစ်ဖက်သား မျက်စိလည်ကာ အခြောက်တိုက် ဘဝင်မြင့်စေရန် လေ ယပ်ပေးသည့် မြှောက်ပင့်မှုမျိုးကိုမူကား မပြုအပ်ပေ။ မည်သို့ပင်ဖြစ်စေ မြှောက်ပင့်မှုကို ကြိုက်တတ်သောသူအား အထိရောက်ဆုံး ဆွဲဆောင် ရန်အတွက် မြှောက်ပင့်ခြင်းနည်းကိုသာ အသုံးချတတ်ကြပေသည်။

ထို့ကြောင့် တစ်ဖက်သားက ချီးမွမ်းပြောဆိုလာသော စကားကို စိစစ်ပြီးမှ လက်ခံရန် လိုပေသည်။ **"ကျွန်တော်က တော်ရုံတန်ရုံလူ ကို ဆရာခေါ်တဲ့လူ မဟုတ်ပါဘူး။ ဆရာ့ကို သိပ်ကြည်ညိုလေး စားတာပါ"** ဟု ပြောသောသူတစ်ယောက်သည် စကားမဆုံးမီ အခြား သူတစ်ယောက်ကို တွေ့လိုက်ရသောအခါ **"ဆရာ နေကောင်းရဲ့လား"** ဟု နှုတ်ဆက်တတ်ပေသည်။ အခြားတစ်ယောက်ကို တွေ့ရလျှင်လည်း ထိုအတိုင်းပင်ခေါ်ပေလိမ့်မည်။ ထိုသူ၏ စကားသည် အဘယ်သို့ မှန်ကန်နိုင်ပါမည်နည်း။

**"ကျွန်မ စားရဖူးသမျှ ဒီမုန့်ဟင်းခါးလောက် ကောင်းတာ မတွေ့ဖူးသေးဘူး"** ဟု ပြောသောသူတို့ကို ထိုစကားအား အခြား နေရာများစွာတွင် ဤအတိုင်း ပြောလာခဲ့သူဖြစ်၍ နောင်တွေ့ကြုံသော နေရာတို့၌လည်း ထိုစကားကိုပင် ထပ်၍ သုံးလိမ့်ဦးမည် ဖြစ်ပေသည်။

တစ်ဖက်သား၏ မြှောက်လုံးပင့်လုံးကို ကြားရရုံဖြင့် **"တယ်တော် တဲ့ ငါပါကလား"**၊ **"ငါ့ကို လူတွေ တကယ်အထင်ကြီးနေကြပါ ပြီကော"** ဟူ၍ မှတ်ယူလိုက်လျှင်ကား ရူးကြောင်၍ မော်ပေါက်သူ ဖြစ်နေပေလိမ့်မည်။ အရိုးမရှိသော လျှာကို လှုပ်ရှားရသည်မှာ အလွန် ပင်လွယ်ပေသည်။ ကြမ်းပိုးကို လိပ်အငယ်စားဟု ပြောချင်လျှင်လည်း ပြော၍ ရပေသည်။ မြှောက်ပင့်တတ်သောသူသည် တစ်ခါတစ်ရံ လွန်

mgyoe.com

mgyoe.com



လွန်ကဲကဲ မြှောက်တတ်၍ တစ်ခါတစ်ရံတွင် ယုတ္တိယုတ္တာနှင့် အဟုတ်ထင်လောက်အောင် လုပ်ဇာတ်ဆင်၍ မြှောက်တတ်ပေသည်။ တစ်ဖက်သားက လက်သင့်ခံသော အမူအရာကို တွေ့ရသည်နှင့် အမြှောက်ရှိန်ကို တိုးတက်ပေသည်။

တစ်စုံတစ်ဦးက မိမိကိုမြှောက်လာလျှင် အကြောင်းရှိလိမ့်မည်ဟု စဉ်းစားရပေလိမ့်မည်။ မိမိအကျိုးကို တွက်ဆမှုမရှိဘဲ ပါးစပ်သြောင်းခံ၍ မြှောက်ပင့်နေမည် မဟုတ်ပေရာ အမြှောက်ခံရလေ သတိကြီးစွာထားသင့်လေ ဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com

## တစ်ဖက်သတ် အထင်သေးခြင်း

လူဆိုသည်မှာ ဆုံးဖြတ်နိုင်စွမ်းရှိသော သတ္တဝါဖြစ်၏။ အဖြစ်အပျက်၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို စီစဉ်သုံးသပ်ပြီးနောက် မိမိ၏ဉာဏ်ကို အသုံးပြုကာ ကောက်ချက်ချရမြဲ ဖြစ်ပေသည်။ **"ဆိုးကောင်းမြင်ဘိ ပညာရှိ"** ဟူသော ဆိုရိုးအတိုင်း အဆိုးအကောင်း ခွဲခြား၍ အခြင်းအင်္ဂါလက္ခဏာ အားလျော်စွာ အသုံးအဖြတ်ပြုကြရ၏။

သို့ရာတွင် အချို့သောလူများသည် စိတ်အလိုကိုစွဲကာ အကျိုးအကြောင်း မရှုစစ်ဘဲ ဆုံးဖြတ်လေ့ရှိကြ၏။ မိမိကြိုတင် ဆုံးဖြတ်သည်ကိုပင် အမှန်ဟူ၍ တစ်ဖွတ်ထိုး ယူဆတတ်ကြပေသည်။ **"ကျားချင်ကျားမီးယပ်ပဲ"** ဆိုသော စကားကဲ့သို့ မိမိအယူအဆကို မလျှော့စွန့်ဘဲ ဆုပ်ကိုင်ထားတတ်ပေသည်။ ထိုဆုံးဖြတ်ချက်မျိုးကြောင့် မိမိမလိုလားသောသူကို အထင်သေးလေ့ရှိပေသည်။

မျက်မှန်စိမ်းတပ်၍ကြည့်လျှင် မြက်ခြောက်သည်ပင် မြက်စိုအဖြစ် ထင်လာရပေသည်။ ထို့ကြောင့် ဉာဏ်မျက်စိတွင် တိမ်သလ္လာမောဟ ဖုံးလွှမ်းသောအခါ အမှန်ကို မမြင်နိုင်တော့ပေ။ မိမိမလိုလားသောသူ

mgyoe.com

mgyoe.com



သည် ဥမ္မာဒန္တီရှုံးအောင်လှစေ အပြစ်ကိုသာ ကွက်၍မြင်ကာ လှသည်ဟု မထင်မှတ်လိုဘဲ ရှိတတ်ပေသည်။ မိမိကို မခယ၍ဖြစ်စေ၊ မိမိနှင့် ပြိုင်ဘက်ဖြစ်၍ဖြစ်စေ၊ မိမိထက် သာလွန်နေ၍ဖြစ်စေ၊ မိမိဆွဲဆောင်ရာကို မပါ၍ဖြစ်စေ မလိုမလားဖြစ်နေသောအခါ ထိုသူ၏ ပညာကိုလည်း အလကားပညာဟူ၍ အထင်သေးလာတတ်ပေသည်။ ထိုသူ၏ အရည်အချင်းကိုလည်း ကြည့်၍မမြင်တော့ပေ။ ထိုသူက မိုးကို ပျံတက်ပြလျှင်ပင် အိပ်မက်မက်နေခြင်းဟု ယူဆပေလိမ့်မည်။ မိမိတွင် ကြိုတင်ဆုံးဖြတ်ထားသော ဓာတ်ခံက မလိုလားသောဘက်တွင် မြှားပြနေသရွေ့ ကာလပတ်လုံး ထိုသူကို မည်သို့မျှ အထင်မကြီးနိုင် ရှိတတ်ပေသည်။

ဤသူမျိုး အထင်ကြီးလာအောင် ကြိုးစားလျှင် အချည်းနှီးပင်ဖြစ်ပေလိမ့်မည်။ ဤသူမျိုးကို သဘောပေါက်လာအောင် ဟောပြောချေချွတ်လျှင်လည်း မောရုံသာ အဖတ်တင်ပေမည်။ မလိုလားမှုက အမှန်တရားကို မထိတွေ့အောင် ခွာကန်ထားပေသည်။

ထိုသို့ လူတစ်ဖက်သားကို အကြောင်းမဲ့ အထင်သေးမှု၊ အမှန်ကို မမြင်မှုများကြောင့် မိမိက ထိုသူ၏ပညာနှင့် စွမ်းရည်ကို အသုံးမချ၊ အကူအညီမယူဘဲ ရှိတတ်ပေသည်။ ရှုံးစရာရှိလျှင် မိမိသာ ဆုံးရှုံးပေမည်။ အထင်သေးခံရသူအဖို့တွင် စိတ်ငယ်ရရုံမှတစ်ပါး နစ်နာစရာ မရှိနိုင်သော်လည်း အထင်သေးနေသူအတွက် မိမိရနိုင်သော အကူအညီကို ဆုံးရှုံးရမည်မှာ မလွဲပေ။

လူတစ်ယောက်၏ အရည်အသွေးကို အကြောင်းမပေါ်ဘဲ မသိရတတ်ပေ။ အခါအခွင့် မကြုံဘဲလည်း အရည်အသွေး ပေါ်ထင်မလာပေ။ ***အမြင်စုတ်သော်လည်း ရွှေထုပ်သည့်ပဝါ*** ဖြစ်နိုင်ပေသည်။ စမ်းသပ်စစ်ဆေး၍ ကိုယ်တိုင်ကိုယ်ကျသိပြီးမှ တကယ်အထင်သေးသင့်သူကို အထင်သေးသည်မှာ အကြောင်းမဟုတ်ပေ။ မြင်နေရသော စွမ်းရည်

mgyoe.com

mgyoe.com



သတ္တိကိုပင် မိမိမလိုလားခြင်းကြောင့် အမှတ်မထား၊ ပမာဏမပြုဘဲ ပစ်ထားခြင်းကြောင့် တစ်နေ့သောအခါတွင် မိမိအများအတွက် နောင်တ ရရန် အခွင့်ကြုံလာတတ်ပေသည်။ တစ်ဖက်သတ် အထင်သေးသော ညဉ်ကို စွန့်ပစ်၍ အမှန်မြင်တတ်အောင် သတိပြုရပေမည်။

❒

mgyoe.com

mgyoe.com

## အငှားအရမ်းထူခြင်း

လူတစ်ယောက်သည် မိမိဘဝတွင် လိုအပ်သောအရာများ အလုံးစုံ ပြည့်စုံနိုင်ရန် မလွယ်ပေ။ ငွေကြေးတတ်နိုင်သူပင် ဖြစ်လင့်ကစား တစ်ချိန်တွင် အသုံးလိုမည်ကို ကြိုတင်မတွက်ဆမိ၍ဖြစ်စေ၊ ငွေကြေးနှမြော တွန့်တို၍ဖြစ်စေ၊ အကြောင်းမညီညွတ်၍ဖြစ်စေ၊ တိုက်တိုက်ဆိုင်ဆိုင် မကြုံမိ၍ဖြစ်စေ အသင့်ဝယ်ယူမထားမိသော ပစ္စည်းများ ရှိနိုင်ပေသည်။ ဤအခါမျိုးတွင် လူမှုဆက်ဆံရေးအရ အခြားသူတစ်ဦးထံမှ ငှားရမ်း သုံးစွဲရပေလိမ့်မည်။

သို့ရာတွင် ငှားရမ်းရာ၌ ပြဿနာများ ရှိပေသည်။ မိမိငှားရမ်းသော ပစ္စည်းကို သုံးစွဲရာတွင် မိမိပိုင်ပစ္စည်းကဲ့သို့ မပျက်မစီးအောင် ဂရုစိုက် ကိုင်တွယ်ရန် လိုပေသည်။ မိမိသုံးစွဲပြီးလျှင် မမေ့မလျော့ အမြန်ဆုံး ပစ္စည်းရှင်ထံ ဆိုက်ဆိုက်မြိုက်မြိုက် တတ်နိုင်က ကိုယ်တိုင်ကိုယ်ကျ ပြန်ပို့ရန်လည်း လိုအပ်ပေသည်။ ထိုမှတစ်ပါး မကြာခဏ ထပ်ကာ ထပ်ကာ အသုံးလိုနေလျှင်လည်း မိမိကိုယ်ပိုင် ဝယ်ယူထားနိုင်အောင် ကြိုးစားရပေလိမ့်မည်။

mgyoe.com

mgyoe.com



မည်သူမဆို မိမိပစ္စည်းကို အငှားဆိုင်ဖွင့်ရန် မဟုတ်လျှင် မိမိကိုယ်တိုင် သုံးစွဲရန်သာ ဝယ်ယူသိမ်းဆည်းထားပေလိမ့်မည်။ ထိုမှတစ်ပါး ပစ္စည်းရှင်သည် မိမိပစ္စည်းကို အဆုံးရှုံးခံလိုမည်မဟုတ်သည်သာမက မိမိလက်ဝယ်သို့ ပြန်မရောက်မချင်း စိတ်မချနိုင်ဘဲ တတွယ်တာတာ ရှိနေပေလိမ့်မည်။ သူတစ်ပါးသည် မိမိပစ္စည်းရှင်ကဲ့သို့ ပစ္စည်းကိုင်တွယ်သိမ်းဆည်းမှုတွင် ဂရုစိုက်ခြင်းရှိလိမ့်မည်ဟု မယူဆတတ်ပေ။ ထို့ကြောင့် ပစ္စည်းငှားယူခြင်းသည် မိမိကြောင့် သူတစ်ပါးအား အနည်းနှင့်အများ စိတ်မသက်သာစေသော အလုပ်သာဖြစ်ပေသည်။ အကယ်၍ မိမိကငှားပြီး ဖျက်ဆီးပစ်မည်၊ ထိမ်ဝှက်ထားမည်ဆိုပါက ပို၍ပင် မသက်မသာဖြစ်စေပေမည်။ အချို့သော ပစ္စည်းမျိုးသည် ရင်းစားမရနိုင်သောပစ္စည်းဖြစ်နေတတ်ပေသည်။

အချို့ပစ္စည်းမှာ ငွေကြေးတန်ဖိုးမရှိသော်လည်း အမှတ်တရပစ္စည်း၊ ရှားပါးပစ္စည်း၊ သမိုင်းဝင်ပစ္စည်း စသည့်အဖြစ်အနေကြောင့် ငွေတန်ဖိုးဖြင့် အစားပေးလျော်ရုံနှင့် မထေမိစေနိုင်တတ်ပေ။ ထိုမှတစ်ပါး သနပ်ခါးတုံး ငှား၍ သွေးခြင်း၊ ဆပ်ပြာငှား၍တိုက်ခြင်း၊ လက်နှိပ်ဓာတ်မီးငှား၍ သုံးခြင်း စသည့် ငှားရမ်းခြင်းမျိုးတွင် ပစ္စည်းပွန်းပဲ့၊ ကုန်ခန်း၊ လျော့ပါးခြင်း ရှိတတ်ပေသည်။ ပိုင်ရှင် အသုံးလိုသောအခါ၌ မသုံးစွဲနိုင်ဘဲလည်း ရှိနေစေနိုင်ပေသည်။ ထို့ကြောင့် ငှားရမ်းခြင်းကို အလွန် မလွှဲမကင်းသာမှသာ ပြုလုပ်သင့်ပေသည်။ မငှားရမ်းဘဲ နေနိုင်ရနိုင်လျှင် မငှားရမ်းဘဲ ပြီးနိုင်အောင် ကြိုးစားရပေမည်။

အချို့သူများသည် မိမိကိုယ်တိုင်လည်း အမြော်အမြင်နှင့် ကြောင့်ကြခံ၍ မစုမသိမ်းဘဲ လိုအပ်လာမှ အိမ်နီးပါးချင်း သူတစ်ပါးတို့ကို မှီခိုအားကိုးပြုတတ်ကြပေသည်။ တစ်ခါတစ်ရံ လိုအပ်၍ မိမိ၌ မပြည့်စုံခြင်းကြောင့် ပြည့်စုံသူထံမှ အတုံ့အပြန် အလဲအလှယ် ငှားယူရခြင်းမှာ

mgyoe.com

mgyoe.com


အပြစ်မဟုတ်ပေ။ မိမိဥစ္စာရှိလျှင်လည်း မိမိကငှား၍ မိမိက လိုလျှင်လည်း သူတစ်ပါးက ငှားပေလိမ့်မည်။

သို့ရာတွင် ဝယ်၍ရသော၊ ဝယ်နိုင်လောက်သော အပ်၊ ဓား၊ ဘီးစိပ်၊ နားဖာကလော်၊ လက်သည်းညှပ်မှစ၍ မိမိဘာသာ ဝယ်မဆောင်ဘဲ အကြိမ်ပေါင်းများစွာ တစ်အိမ်စီလှည့်၍ ငှားကာ အမြဲတစေ အငှားနှင့် အသုံးပြုနေလျှင်ကား မကောင်းတတ်ပေ။ အချို့မှာ ဤသို့ လွယ်လွယ်နှင့် ငှားသုံးနေတတ်သော ညဉ့်ရှိပေသည်။ ဤညဉ့်သည် လူရွံ့စေ၍ အပေါင်းအသင်း အိမ်နီးနားချင်း ငြီးငြင်ငွေ့ပယ်ကြဉ်စေတတ်သော အကျင့်ဆိုးဖြစ်သဖြင့် ရှောင်ရှားရပေလိမ့်မည်။

❒

mgyoe.com

mgyoe.com

## အထေ့အငေါ့ပြောတတ်ခြင်း

အချို့သောသူများသည် စကားပြောရာတွင် သူတစ်ပါးကို စောင်းရ၊ ချိတ်ရ၊ ငေါ့ရ၊ ထေ့ရမှ အရသာတွေ့တတ်ကြပေသည်။ ရိုးရိုးပြော၍ ဖြစ်သော စကားကို အရသာမတွေ့။ သူတစ်ပါးကို ကလိပြီး ပြောလိုက်ရမှ **"တယ်တော်တဲ့ ငါပါကလား"** ဟု မိမိကိုယ်ကို ကျေနပ်သွားတတ်ကြပေသည်။ သူတစ်ပါး မခံချိစရာဖြစ်သည်ကို အရသာခံလိုကောင်း ခံလိုပေမည်။ သို့ရာတွင် ထိုသို့ တိုက်ခိုက်လိုစိတ်၊ ဒုက္ခပေးလိုစိတ်ထက် မိမိကိုယ်ကို အပြောအဆို ကျွမ်းကျင်လိမ္မာလှ၍ သူတစ်ပါးကို တစ်လုံးတင်၊ နှစ်လုံးတင် တင်စီးနှိပ်နယ်၍ ပြောဆိုနိုင်စွမ်းသည်ကို ဂုဏ်ယူလိုစိတ်က ပို၍ ထက်သန်နေတတ်ပေသည်။ ထိုသို့ပြောဆိုဖန်များသောကြောင့် မိမိကို လူချဉ်ခြင်း၊ အမုန်းပွားခြင်း၊ အာဃာတထားခြင်းများကို သတိမပြုမိတတ်ကြပေ။

**"ဒီလိုလုံချည်မျိုးများ အိမ်ကနိုင်းတဲ့ဟာတွေပဲ ဝယ်ပေးတယ်"**။ မိမိက တတ်နိုင်ရည်ရှိ၍ သူတစ်ပါးကို ကိုယ့်အင်ကိုယ့်အားရှိသလောက် ဝတ်ဆင်သော အဝတ်အစားမျိုးကို တကယ်ပင် အခိုင်းအစေ

mgyoe.com

mgyoe.com


များအား ဝတ်စေနိုင်သည် ထားဘိဦး။ ဤကိစ္စမှာ မိမိကိစ္စ၊ မိမိကုသိုလ်၊ မိမိစွမ်းအားပင် ဖြစ်ပေမည်။ မိမိက ဤအစွမ်းကို ထုတ်ဖော်ဝင့်ကြွားလိုလျှင်လည်း အခြားနည်းဖြင့် ကြွားဝါနိုင်ပေမည်။ သို့ရာတွင် တစ်ဖက်သားအား အကြောင်းမဲ့ မိမိအစေခံနှင့် တစ်တန်းတစ်စားတည်း နှိမ့်ချပြောဆိုခြင်းသည်ကား လူချစ်စေမည့် စကားလည်း မဟုတ်ပေ။ **"ချမ်းသာပါပေတယ်"** ဟု ချီးမွမ်းခံရမည့် စကားလည်း မဟုတ်။ မိမိကိုသာ ကြားရသူက ရွံရှာစက်ဆုပ်စေမည့် စကားမျိုးကိုသာ ပြောဆိုနေမိခြင်း ဖြစ်ပေသည်။

**"ကျွန်မတို့ကတော့ ရုပ်ရှင်အပတ်တိုင်း မကြည့်နိုင်ပါဘူး"** ဤမျှလောက်ပြောလျှင် မိမိအခြေအနေကို ရိုးသားစွာ ဝန်ခံရာရောက်၍ သူတစ်ပါး သနားကြင်နာစေပေဦးမည်။ ထိုမျှဖြင့် မပြီးဘဲ ရှေ့သို့ဆက်၍ **"ငွေအချောင်ရတဲ့သူတွေသာ အားတိုင်းယားတိုင်း ကြည့်ကြမှာပါ"** ဟူ၍ ပြောဆိုလိုက်ခြင်းဖြင့် အခြား ရုပ်ရှင်ကြည့်သူများကိုပင် ဝါးလုံးရှည်နှင့် သိမ်း၍ ယမ်းလိုက်သည်ရှိသော် ကြားရသူများက နားကလောပေလိမ့်မည်။

မိမိပြောလိုရာကို သူတစ်ပါးအား မထိခိုက်စေဘဲ အကွက်ဆိုက်အောင် ပြောတတ်ခြင်းသည်သာ ဂုဏ်ရည်တစ်ရပ် ဖြစ်ပေသည်။

**"မင်းကတော်တို့ ထမင်းစားသောက်ပြီးကြပါပြီလား"** ဟူ၍ မေးရမည့်အစား **"မင်းကတော်တို့ကတော့ ဒီအချိန်ဆို စားသောက်ပြီးကြပြီပေါ့လေ ကောင်းပါတယ် ကောင်းပါတယ်"** ဟု ပြောလိုက်ခြင်းဖြင့် သူတစ်ပါး မကြောင့်မကြ စားရသောက်ရသည်ကို မရှုဆိတ် မနာလိုသော သဘောထားပေါ်လွင်နေတတ်ပေသည်။ ရိုးရိုးမပြောဘဲ ထေ့ငေါ့ပြောဆိုခြင်းကြောင့် မိမိ၏ စေတနာအမှန်ပင် ကွယ်ပျောက်သွားရတတ်ပေသည်။

mgyoe.com

mgyoe.com


**"ကျွန်မတို့ကတော့ ရိုးရိုးပြောတတ်တယ်"** ဟု ပြောလိုက်သည့်အခါ ဘယ်သူတွေက မရိုးမသား ပလီတောင်တာ ပြောတတ်ကြသနည်းဟု စဉ်းစားစရာ အညွန့်အသား ကျန်နေပေသည်။ **"ကိုယ့်လင်သေတာ ရိုးရိုးငို၊ ငါ့ပိန္နဲပင် မပါစေနဲ့"** ဆိုသော စကားပုံကဲ့သို့ မိမိပြောလိုရာကိုသာ ပြော၍ ဖြစ်နိုင်ပါလျက် အဘယ်ကြောင့် သူတစ်ပါးကို ထိခိုက်ချိတ်ရိတ်လိုကြသနည်း။ ဤသည်ကား လူအချို့၏ ဉာဉ်ပင်ဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com

## မျက်နှာလိုက်တတ်ခြင်း

လူသည် အတ္တနယ်တွင် မွေးဖွားလာသော သတ္တဝါဖြစ်လေရာ ကိုယ်ကျိုးကြည့်တတ်သည်မှာ အထူးအဆန်း မဟုတ်ပေ။ ထိုကိုယ်ကျိုးကြည့်တတ်မှုတွင် မိမိဆန္ဒစွဲကိုလိုက်၍ မျက်နှာလိုက်တတ်သော ဉာဉ်လည်း ပါဝင်ပေသည်။ မျက်နှာလိုက်ခြင်းမှာ အဂတိတရားလေးပါးအနက် မိမိလိုလားသူကို အခွင့်အရေးပေးသည်ထက် ပို၍ မမှန်မကန်ပေးသော ဆန္ဒာဂတိပင် ဖြစ်ပေသည်။

လူတွင် ကြိုက်မကြိုက်၊ လိုလားမလိုလား ဟူသော ခံယူချက်အစုံအစုံရှိပေရာ မိမိကြိုက်ရာ အဆင်ကို ဝတ်မည်။ မိမိနှစ်သက်ရာ အစားအစာကို စားမည်။ မိမိနှင့် သင့်မြတ်သူကို ခေါ်မည်။ ဤသို့ မိမိဆန္ဒအရ လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်သည်ကို မည်သို့မျှ ပြောဖွယ်မရှိပေ။ ပုဂ္ဂလိကလွတ်လပ်ခြင်းဖြစ်၍ အသိအမှတ်ပြု ခွင့်လွှတ်ရပေမည်။ သို့ရာတွင် တစ်ဖက်သား၏ ရသင့်ရထိုက်သော တရားဝင်အခွင့်အရေးကို ကျူးကျော်ထိပါး၍ မိမိလိုလားရာလူကို မရသင့်သော အခွင့်အရေးများ ပေးခြင်းမှာကား မျက်နှာလိုက်ခြင်းပင် ဖြစ်ပေသည်။ လူနှင့် မျက်နှာလိုက်တတ်သော ဉာဉ်ကို ခွဲခြမ်းရန် မလွယ်ကူတတ်ပေ။

mgyoe.com

mgyoe.com


သို့ရာတွင် မိမိစိတ်ကြိုက် လွတ်လပ်စွာ တရားသဖြင့် ဆောင်ရွက်ခြင်းနှင့် တစ်ဖက်ပင်း၍ မမှန်မကန် မမျှတသောနည်းဖြင့် အခြားသူတစ်စုံတစ်ယောက်၏ နစ်နာခံစားမှုကို အရင်းပြု၍ မိမိဆန္ဒကိုသာ တစ်ဖွတ်ထိုး ဖြည့်တင်းခြင်းမျိုးကို ခွဲခြားနားလည်ရန် လိုပေသည်။

သာဓကအားဖြင့် လူနှစ်ယောက်အား ရာထူးခန့်ထားရန် ရွေးချယ်ရမည်ရှိသောအခါ နှစ်ဦးလုံး အရည်အချင်းချင်း ထပ်တူညီမျှဖြစ်နေ၍ မည်သည့်ဘက်တွင်မှ သာလွန်သူမရှိသောအခါမျိုးတွင် အခွင့်အာဏာရှိသူက မိမိပို၍ ယုံကြည်စိတ်ချနိုင်မည်ဖြစ်သော တတ်သိသူတစ်ဦးအား ရွေးချယ်တာဝန်ပေးလိုက်ခြင်းသည် အပြစ်ဆိုဖွယ်မရှိပေ။ အရွေးချယ်ခံရသူသည် မိမိ၏ ယုံကြည်စိတ်ချခံနိုင်စွမ်းရှိမှုကို ရွေးချယ်သူ သိနားလည်အောင် ပြသနိုင်ခဲ့ခြင်းကပင် သာလွန်မှုတစ်ရပ် ဖြစ်နေ၍ ထိုသာလွန်မှုဖြင့် အသာရနိုင်ခွင့်ရှိသည်ဟု ဆိုနိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ အရည်အချင်း မယှဉ်သာအောင် နိမ့်ကျကွာခြားနေသူတစ်ဦးအား မိမိက အကြောင်းကြောင်းကြောင့် အခွင့်အရေးမပေးမဖြစ် ပေးမိမည်ဆိုပါမူကား တကယ်ရထိုက်သူကို နစ်နာစေရာ ရောက်ပေသည်။ မိမိ၏ မျက်နှာလိုက်မှုကြောင့် တရားမျှတမှန်ကန်မှု ပျက်သုဉ်းရပေမည်။ ဤသို့သော မျက်နှာလိုက်ခြင်းမျိုးကို ရှောင်ရှားရပေမည်။

လူအချို့ကား မိမိ၏ အဆုံးအဖြတ်၊ အပြုအမူက မမှန်ကန်ကြောင်းကိုကား သိ၏။ သို့ရာတွင် မိမိ၏ လိုလားမှုကြောင့် တရားမျှတမှုကို ဆေားချိတ်၍ မိမိထင်ရာ စိုင်းတတ်ကြပေသည်။ နောက်မှလာသူကို အရင်ဦးစားပေးခြင်းသည် လိုလျှင်လိုသလို မတရား အခွင့်အရေး ပို၍ပေးခြင်း၊ မိမိ၏ ခင်မင်မှု၊ မြတ်နိုးမှု၊ ကျေးဇူးတင်ရှိမှု၊ မျက်နှာလုပ်လိုမှု၊ အကျိုးမျှော်မှု စသည်တို့ကြောင့် အခြားသူကို နှိမ်၍ အခွင့်အရေး ဦးစားပေးခြင်း စသည်တို့ကို ပြုလုပ်တတ်ကြ၏။

mgyoe.com

mgyoe.com



မျက်နှာလိုက်မှုကြောင့် အခွင့်အရေး ပို၍ ရသူက ရသော်လည်း တစ်ဖက်သားတွင် ဆုံးရှုံးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မျက်နှာငယ်ခြင်း၊ အရှက်ရခြင်း စသည် ဖြစ်ရတတ်၍ မျက်နှာလိုက်မိသူ၌လည်း သမာဓိ ပျက်ခြင်း၊ အမုန်းခံရခြင်း၊ အယုံအကြည်မခံရခြင်း၊ ဆက်ဆံမှုကျဆုံး ခြင်း စသည့် အကျိုးပျက်မှုများလည်း ရရှိပေလိမ့်မည်။ မျက်နှာလိုက် တတ်သော ညဉ်ကို စွန့်ပယ်ခြင်းဖြင့် မိမိ၏ ခံယူချက် သန့်စင်ရုံမျှမက လူသားတို့၏ အခွင့်အရေးကိုလည်း လေးစားရာ ရောက်ပေလိမ့်မည်။

❒

mgyoe.com

mgyoe.com

## မိမိကိုယ်ကို အထင်ကြီးတတ်ခြင်း

လူသည် မိမိဘဝကိုမိမိ အသိဆုံး ဖြစ်ပေသည်။ ထို့နှင့်အမျှ သူတစ်ပါး၏ ဘဝကိုကား အသိ လွန်စွာနည်းတတ်ပေသည်။ သူတစ်ပါးအပေါ်တွင် ကြည့်လျှင်လည်း သာလွန်မှုကို မကြည့်လို၊ အကောင်းကို စိတ်မဝင်စားဘဲ အဆိုးအပြစ်ကိုသာ ရှုမြင်တတ်ပေသည်။ မိမိကိုယ်ပေါ်တွင်မူ အပြစ်ရှာ၍ ကြည့်လေ့မရှိပေ။ မိမိကိုယ်တွင် အပြစ်ကိုတွေ့လျှင်ပင် **"တစ်ခါတလေတော့ မှားတာပေါ့"၊ "လူဆိုတာ အပြစ်မကင်းဘူး၊ စင်းလုံးချော မကောင်းဘူး"** စသည်ဖြင့် မိမိကိုယ်ကို သက်ညှာစွာဖြင့် ခွင့်လွှတ်လေ့ရှိပေသည်။ မိမိလျှောက်လဲချက်ဖြင့်ပင် မိမိအနိုင်ယူလေသည်။

ထို့ကြောင့် လူသည် သူတစ်ပါးအပြစ်ကိုသာမြင်၍ မိမိအပြစ်ကို မမြင်။ သူတစ်ပါး၏ လစ်ဟာချက်၊ ချို့တဲ့ချက်ကိုသာမြင်၍ မိမိ၏ ပျော့ညံ့ချက်များကို လျှမ်းနေပေသည်။ ဤအဖြစ်ကြောင့် **"ငါသည် သူ့ထက်သာသည်"** ဟူသော ကောက်ချက်ကို ချတတ်ပေသည်။

**"သူက ပညာတွေ၊ ဘွဲ့တွေသာရတာပါ။ လက်တွေ့မှာ ငါ့လောက်အတွေ့အကြုံမရှိပါဘူး"** ဟူ၍လည်းကောင်း၊ **"သူက ချမ်း**

mgyoe.com

mgyoe.com



**သာတာပဲရှိတာ။ ငါ့လို ကိုယ်ကျင့်တရားမရှိဘူး"** ဟူ၍လည်းကောင်း၊ **"သူက ဝတ်နိုင်စားနိုင်လို့ လှတာပါ။ ငါ့လို ပင်ကိုရုပ်မရှိပါဘူး"** ဟူ၍လည်းကောင်း မိမိကိုယ်ကို အသားပေး၍ ဆုံးဖြတ်တတ်ပေသည်။ ဤဆုံးဖြတ်ချက်များသည် မည်မျှသာမှန်၍ မည်မျှမှားပေမည်နည်း။ မိမိအပေါ်တွင် အခြားသူများက ဤအတိုင်းမြင်ပါမည်လော။ အခြားသူများ (ဝါ) ရန်သူမဟုတ်၊ မိတ်ဆွေမဟုတ်သောကြားလူများက ဤအတိုင်းမြင်မည်ဆိုလျှင် မှန်ကောင်း မှန်ပေမည်။

လူ့ဘဝတွင် မိမိကိုယ်ကို အထင်ကြီးတတ်ခြင်းသည် အတိုင်းအတာအားဖြင့် ကောင်းပေသည်။ မိမိကိုယ်ကို အထင်သေးနေလျှင် စိတ်ဓာတ်ကျဆင်း၍ ခွန်အားဆုတ်ယုတ်ပေမည်။ သို့ရာတွင် မိမိတော်သလောက်အထင်ကြီးရပေလိမ့်မည်။ မိမိ၏ အရှိထက် ပိုလွန်အထင်ကြီးသောအခါမှောက်မှားတတ်ပေသည်။ မောဟဖိစီး၍ တိုးတက်ရန် ကြိုးစားလိုစိတ်များ ရပ်တန့်ကာ မိမိ၏ပြိုင်ဘက်ကို အထင်သေးရန် မိမိက နောက်ကျန်သွားတတ်ပေသည်။ မိမိ၌အရည်အချင်းလိုသေးသည်ဟု သိရှိပါက ကြိုးစားလိုစိတ် ထက်သန်မည်ဖြစ်၍ ပြီးပြည့်စုံနေပြီဟု ယူဆပါက ကြိုးစားရန်စိတ်ပါတော့မည်မဟုတ်ပေ။ ထိုမှတစ်ပါး မိမိ၏ သာလွန်ချက်၊ သာလွန်သောအကွက်နှင့် ဘဝင်မြင့်နေခြင်းကြောင့် မိမိအားနည်းချို့တဲ့မှုများကို မမြင်မသိဘဲ ရှိတတ်ပေသည်။

**"လူတစ်ကိုယ် ထင်တစ်လုံး"** ဟူသော စကားရှိပေသည်။ မိမိ၏အနာဂတ်အတွက် မည်သို့မည်ပုံ ဖြစ်လာရမည်ဟူ၍ အကောင်းကိုမှန်းထားချက်မျိုးကို ဆိုလိုပေသည်။ ဤထင်တစ်လုံးမှာလည်း မိမိကိုယ်ကို အထင်ကြီးစိတ်ဖြင့် မှန်းထားချက်များ ဖြစ်လေသည်။ ဤသို့ ထင်တစ်လုံးထားရှိခြင်းမှာ အပြစ်မဟုတ်ပေ။ သို့ရာတွင် လေထဲတွင် တိုက်အိမ်ဆောက်ခြင်းကဲ့သို့ အကြောင်းမဖန်တီးဘဲ အကျိုးကို မျှော်နေခြင်းမျိုး

mgyoe.com

mgyoe.com


မဖြစ်စေသင့်ပေ။ မိမိမျှော်မှန်းသောခရီးကို မသွေမလွဲ ဆိုက်ရောက်အောင် ကြိုးစားအားထုတ်ခြင်းမျိုးလည်း ရှိရပေလိမ့်မည်။

မိမိကိုယ်ကို အရှိထက်ပို၍လည်းကောင်း၊ အားနည်းချို့တဲ့ချက်ကို ဖုံးကွယ်ချန်လှပ်လျက်လည်းကောင်း အထင်ကြီးတတ်သော ဉာဉ်မျိုးကို ကား ပယ်ရှားသင့်ပေသည်။

❒

mgyoe.com

mgyoe.com

## သူတစ်ပါးကို အထင်သေးတတ်ခြင်း

လူသည် မိမိအကြောင်းကို မိမိ ပို၍ သိပေသည်။ မိမိကိုယ်ကို အခြားသူက သိသည်ထက်လည်း ပိုသိ၍ မိမိက အခြားသူကို သိသည်ထက်လည်း ပို၍ သိပေသည်။ ထို့ကြောင့် မိမိသန္တာန်တွင် ဖြစ်ပေါ်သော တိုးတက်မှု၊ ပြည့်စုံမှု၊ ကံကောင်းမှု၊ အောင်မြင်မှု အရပ်ရပ်တို့ကို တွေ့မြင်ရသည့်အခါ **"ငါလိုလူမျိုး အများကြီးရှိလိမ့်မည်"** ဟူ၍ မတွေး။ **"ငါဟာ သူတကာထက် ထူးကဲသာလွန်ပါတကား"** ဟူ၍သာ တွေးမိတတ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ငါလိုလူမျိုး၊ ငါ့ထက်အဆများစွာသာသူမျိုးကို မကြည့်၊ မမြင်တတ်သောကြောင့် ဖြစ်ပေသည်။

**"ငါနှင့် ငါသာ နိုင်းစရာ"** ဆိုသကဲ့သို့ **"ငါလိုလူ ဇမ္ဗူ့ရှိသေးရဲ့လား"** ဟူ၍ ထင်မှတ်မိတတ်ပေသည်။ စင်စစ်သော်ကား မိမိကိုယ်ကိုသာကြည့်၍ တင်းတိမ်ကျေနပ် အထင်ကြီးနေ၍ မပြီးပေ။ အခြားသူများကိုလည်း စောင်းငဲ့ကြည့်ရပေဦးမည်။ ရေတွင်းထဲမှ ဖားသူငယ်သည် မိမိရေပြင်ကို အကျယ်ဆုံးသော လောကကြီးဟု ထင်မှတ်ပေလိမ့်မည်။ ထိုနည်းတူပင် မိမိကိုယ်ကိုသာ ကြည့်သော၊ မြင်သောသူသည် မိမိကိုယ်ကိုသာ အတော်ဆုံးဟူ၍ ထင်မြင်ယူဆနေပေလိမ့်မည်။

mgyoe.com

mgyoe.com


လူသည် မိမိကျရာဘဝ၊ ဖြစ်ရာအခြေအနေ၌ အားမငယ်စတမ်း ရပ်တည်ရမည်ဖြစ်သော်လည်း မိမိ၏ အခြေအနေကို ဟုတ်လှပြီဟူ၍ မာန်မာနတက်စရာ မလိုပေ။ မိမိကိုယ်ကို အမြင့်ဆုံး၊ အတော်ဆုံးဟု ထင်နေလျှင် ထို့ထက်မြင့်သူ၊ တော်သူများက ပြုံးရယ်ပေလိမ့်မည်။ မိမိ အထက်တွင် လင်းတများ၊ စွန်ရဲများ ပျံဝဲနေသည်ကို သတိမထားခဲ့လျှင် ပျံလွှားငှက်သည် မိမိကိုယ်ကို အမြင့်ဆုံးပျံနိုင်စွမ်းသည်ဟု ယူဆပေလိမ့်မည်။

မိမိကိုယ်ကို အထင်ကြီးခြင်းကြောင့် သူတစ်ပါးကို အထင်သေးတတ်ပေသည်။ ပြိုင်ပွဲများ၊ အားကစားပွဲများတွင် အမြင့်ဆုံး တင်ထားခဲ့သော စံချိန်များသည်ပင် တစ်ခုပြီးတစ်ခု ကျိုးကာ စံချိန်သစ်တင်နိုင်သူများ အလျှိုအလျှို ပေါ်ပေါက်လာခဲ့ရပေသည်။ လူ့လောကသည် ကျယ်ပြန့်လှသည်ဖြစ်ရာ မိမိထက်လှသူ၊ မိမိထက် ကြွယ်ဝသူ၊ မိမိထက် ဉာဏ်ကြီးသူများ မရေမတွက်နိုင်အောင် ရှိနိုင်ပေသည်။ မိမိက အသစ်ဟူ၍ တွေးခေါ်ကြံစည်နေခိုက် အခြားသူများ နှစ်ပေါင်းများစွာက ထုတ်လုပ်ခဲ့ပြီးဖြစ်သည်ကိုလည်း တွေ့ရတတ်ပေသည်။ မိမိ စောလှပြီဟု ထင်နေခိုက် မိမိရှေ့မှ သွားနေသူများကိုလည်း တွေ့ရတတ်ပေသည်။

လူသည် မိမိကိုယ်ကို အရှိထက်ပို၍ အထင်မကြီးသင့်ပေ။ အထင်ကြီးခြင်းသည် တိုးတက်အောင် ဆောင်ရွက်လိုစိတ်၏ နိဂုံးဖြစ်ပေသည်။ လူသည် သင်္ခါရလောကတွင် ကြီးပြင်းလာရပေရာ အဘယ်အရာမျှလည်း သံတိုင်သံခဲ၊ ကျောက်စိုင်ကျောက်သားများ မဟုတ်ပေ။ ***အတက်ရှိလျှင် အကျရှိ၍ တောင်ထိပ်ပြီးလျှင် တောင်ဆင်းလာမြဲ*** ဖြစ်ပေသည်။ ထို့ကြောင့် မိမိကိုယ်ကို အထင်ကြီးခြင်းသည် ထာဝရတည်မည့် အမှန်တရားမဟုတ်ပေ။ မိမိကိုယ်ကို ပိုလွန်အထင်ကြီးခြင်းသည် ***မောဟ အဝိဇ္ဇာ*** ကို ပိတ်ဆီးကာရံခြင်းပင်ဖြစ်၍ အမြင်မှန် မြင်တတ်ရန် မလွယ်ကူပေ။

mgyoe.com

mgyoe.com



တောင်တက်စ လူသည် မိမိရောက်နေသော တောင်ထိပ်ကို အမြင့်ဆုံးတောင်ထိပ်ဟု ထင်တတ်ပေသည်။ ထိုတောင်၏ တစ်ဖက်တွင် ထို့ထက်မြင့်သော တောင်များကို ဆင့်ကာဆင့်ကာ မြင်ရမှ **"ငါတက်လာခဲ့တာက တောင်စွယ်ကလေးသာ ရှိပါသေးကလား"** ဟု နားလည်လာတတ်ပေသည်။ မိမိကိုယ်ကို လွန်ကဲစွာ အထင်ကြီးတတ်သော ဉာဉ်ဆိုးကိုလည်း ပယ်ဖျောက်ရပေမည်။

❒

mgyoe.com

mgyoe.com

# မိမိဘဝကို ခင်းပြတတ်ခြင်း

လူတစ်ယောက်အဖို့ စိတ်ပါလက်ပါ အပြောချင်ဆုံးသော ပုံဝတ္ထုမှာ မိမိ၏အကြောင်းပင် ဖြစ်ပေသည်။ လူသည် မိမိအကြောင်းကို ပို၍လည်း အသိဆုံးဖြစ်ပေသည်။ ပို၍လည်း စိတ်ဝင်စားပေသည်။ ထို့ပြင် မိမိတွေ့ကြုံခဲ့ရသော ခရီးနှင့် ယှဉ်တွဲ၍ ရှိရှိသမျှသော မိမိ အောင်မြင်ကျော်လွှား စွမ်းပကားများကိုလည်း ဂုဏ်ဝင့်လိုတတ်ပေသည်။ ကိုယ်ရည်သွေးကလေးများလည်း ထည့်စွက်နိုင်ပေသည်။ ပင်ကို အထင်ကြီးစိတ်၏ တွန်းပို့ချက်ကြောင့် အာစလျှာစလည်း သွက်လက်တတ်ပေသည်။

ထိုအကြောင်းများကြောင့် များစွာသော သူတို့သည် မိမိဘဝကို ခင်းပြရန် ဝါသနာထက်သန်ပေသည်။ မိမိအကြောင်းကို မငြီးတမ်း နားထောင်မည့်သူကို မိမိ၏ အဖော်ကောင်းအဖြစ် သဘောထားတတ်ပေသည်။ သူတစ်ပါးအကြောင်းကို မိမိက နားထောင်ရန် စိတ်ရှည်မည်မဟုတ်စေကာမူ မိမိအကြောင်းကို သူတစ်ပါးက စိတ်ရှည်လက်ရှည် နားထောင်စေချင်ပေသည်။ စိတ်ဝင်စားမှုသာ ပြမည်ဆိုလျှင် ခုနစ်ရက် ခုနစ်လီ ထမင်းကျွေး၍ ပြောမည့်သူများ ရှိပေသည်။

mgyoe.com

mgyoe.com


**“ကိုယ့်ကိုယ်ကိုယ်ဖော် သူတော်ခုနစ်ပါး”** ဟု ဆိုရိုးရှိပေသည်။ အချို့က ***မသူတော်ခုနစ်ပါး*** ဟုလည်း ဆိုကြပေသည်။ အဓိပ္ပာယ်မှာ မိမိကိုယ်ကို မိမိ ဖော်ကျူးခြင်းသည် သူမိုက်၊ သူယုတ်တို့၏ လက္ခဏာ ဖြစ်သည်ဟု ယူဆခဲ့ကြသောကြောင့် ဖြစ်ပေသည်။ စင်စစ်အားဖြင့် ကိုယ့်ကိုယ်ကိုယ် ဖော်သူများသည် ခုနစ်ပါးသာမက ကုဋေကုဋာ ရှိပေသည်။

အချို့သော ပုဂ္ဂိုလ်များသည် မိမိဘဝ၏ ကောင်းကျိုးဆိုးပြစ်များကို အခြားသူများ လေ့လာသုံးသပ်၍ သင့်ရာကို နည်းမှီ၊ မသိရာကို ရှောင်ကွင်းသတိပြုရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများကို ရေးသားပြုစုလေ့ရှိပေသည်။ အချို့လည်း အကောင်းရော အဆိုးပါ မငဲ့မထောက် မရှက်မကွယ် ရေးကြ၍ အချို့ကမူ အဆိုးကို ဖုံးကွယ်ချန်လှပ်ကာ အကောင်းကို သာသာထိုးထိုး ပုံကြီးချဲ့ မီးမောင်းထိုး၍ ရေးသားတတ်ပေသည်။ စင်စစ်အားဖြင့် လူတိုင်းကပင် ရေးတတ်သားတတ်လျှင် ရေးပြလိုကြပေသည်။ မိမိအဖြစ်အပျက်၊ အတွေ့အကြုံမျိုးကိုပင် အထူးအဆန်း၊ ဖြစ်တောင့်ဖြစ်ခဲ၊ အံ့ဖွယ်သူရဲအဖြစ် ထင်မှတ်တတ်ကြပေသည်။ မိမိအကြောင်းကို ဝတ္ထုရေးလိုပါသည်ဟူ၍သာ ချဉ်းကပ်လာသူ ရှိပါက ကုန်ကျစရိတ်စိုက်ထုတ်၍ မမောတမ်း ပြောပြလိုသူများ ရှိပေသည်။

ဤသည်မှာ လူ၏ သဘာဝပင် ဖြစ်ပေသည်။ မိမိ ဖြတ်သန်းလာခဲ့ရသော ခရီးတွင် မိမိ ကြိုးစားခဲ့ပုံများ၊ အခြားသူ သိစေလိုပါလျက် အကြောင်းကြောင်းကြောင့် မျိုသိပ်ထားခဲ့ရသည်များ၊ အခြားသူများ သတိပြုဆင်ခြင် သင်ခန်းစာယူစေလိုချက်များ စသည်တို့ကို ခင်းကျင်းဖွင့်ထုတ်ပြလိုပေသည်။ သူမသိ ငါမသိ မြုပ်ကွယ်သွားမည့်အစား မိမိဘဝသည် သူတစ်ပါးအတွက် ပြောစမှတ်တစ်ခု မှတ်မှတ်ရရ ကျန်နေ

mgyoe.com

mgyoe.com


စေလိုပေသည်။

ဤညဉ်ဝါသနာကို အသုံးချ၍ လိမ္မာပါးနပ်သူများက လိုရာစကားကို အစ်ထုတ်ယူခြင်း၊ မြှောက်ပင့်ရန် အကွက်ရှာခြင်း၊ စိတ်ဝင်စားမှုပြ၍ ရင်းနှီးမှုခံယူခြင်း၊ မိမိသွင်းလိုသော စကားအတွက် လမ်းပေါက်ရအောင် လမ်းကျောင်းပေးခြင်း၊ ဆုတ်နစ် နှုတ်လေးမှုကို သွက်လက်အောင် ဆွပေးခြင်း စသည်ဖြင့် အမြတ်ထုတ်တတ်ပေသည်။ မိမိဘဝကို ပြောသင့်ရာ ပြောရာအခါကာလ ငဲ့ကွက်၍ ပြောသင့်မှသာ ပြောရပေလိမ့်မည်။

❐

mgyoe.com

mgyoe.com

# ကိုယ့်ထက်သာ မနာလိုခြင်း

လူ၏သန္တာန်၌တည်သော ဉာဉ်ဆိုးများမှာ အများအားဖြင့် အတ္တစိတ်မှ ပေါက်ပွားသော အခြံအရံများ ဖြစ်ပေသည်။ အတ္တကိုမှီ၍ အတ္တကို ကာကွယ်ရန်၊ အတ္တကို မြှင့်မြှောက်ပံ့ပိုးရန် အခြေခံ၍ စဉ်းစားတွေးခေါ်ရာမှ မလိုလားဖွယ် ဉာဉ်များ ပေါ်လာရခြင်း ဖြစ်ပေသည်။

လူ၏ ဉာဉ်များတွင် ကိုယ့်ထက်သာလျှင် မနာလို ဖြစ်တတ်ခြင်းလည်း ပါဝင်ပေသည်။ ဤသည်မှာ အရာရာတွင် မိမိက သာလိုသည့် စိတ်နှင့် သူတစ်ပါးသည် ယုတ်စွအဆုံး မိမိနှင့် တန်ရုံသာတန်၍ မိမိထက် ကျော်ဖြတ်တက်သွားမည်ကို မရှုဆိတ်သော စိတ်ကြောင့် ဖြစ်ရပေသည်။

လူတစ်ယောက်၏ ကြီးပွားတိုးတက်မှု၊ ထွန်းတောက်အောင်မြင်မှုများတွင် လူ၏ ပင်ကိုပါရမီ၊ အခြေအနေ၊ ကြိုးစားမှု စသည်တို့ကို မှီ၍ အကျိုးထင်သည်သာ များပေသည်။ ဤစွမ်းအားစု အခြေအနေသည် လူတစ်ယောက်စီတွင် တစ်မျိုးစီ ကွဲပြားနိုင်ပေသည်။ ပိုသူတွင် ပို၍ လျော့သူတွင် လျော့ပေမည်။ ဤသို့ မတူညီနိုင်သော လောကတွင်

mgyoe.com

mgyoe.com


တိုးတက်အောင်မြင်မှုခြင်း၊ တတ်သိကျွမ်းကျင်မှုခြင်းလည်း တူညီနိုင်မည် မဟုတ်ပေ။ အခြားသူတစ်ယောက်သည် မိမိအောက် လျော့ချင်လည်း လျော့မည်၊ သာချင်လည်း သာမည်။ မိမိကချည်း နေရာတကာတွင် ဦးဆောင် တံခွန်စိုက်၍ နေနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ပေရာ ကျယ်ဝန်းသော လူ့လောကကြီးတွင် မိမိထက် အစစတွင် သာလွန်သူများ၊ တစ်ဖက်ဖက်တွင် သာလွန်သူများ ရှိပေလိမ့်ဦးမည်ဟူ၍ နှလုံးသွင်းထားရပေလိမ့်မည်။

**"ကိုယ့်ထက်သာချင်သူ သာကြပါစေ၊ သူ့စွမ်းအား သူ့အခြေအနေနှင့် သူ သာလွန်ကြပါစေ"** ဟူ၍ သဘောထားနိုင်ရန် လိုပေသည်။ အကယ်၍ မိမိက အရှုံးမပေးဘဲ အနိုင်သာ ရလိုပါမူကား မိမိက သူ့ထက်သာအောင် ကြိုးစားရန်သာ ရှိပေသည်။ သို့ရာတွင် လက်တွေ့လူ့လောက၌ကား သူတစ်ပါးက မိမိထက် သာမသွားရအောင် မတရားနည်းဖြင့် ချောက်တွန်းခြင်း၊ အကပ်အရပ် အကြံအဖန်ပြု၍ ဖိနှိပ်ခြင်း၊ အမနာပ အပုပ်ချ၍ သူတစ်ပါးအထင်သေးအောင် သတင်းလွှင့်ခြင်း စသည်ဖြင့် မဟုတ်မမှန်သောနည်းများဖြင့် ဟန့်တားတတ်ပေသည်။ မိမိထက်သာသူ၊ ကျော်သူကို အန္တရာယ်ရန်စွယ် သဘောထားရုံသာမက ထိုသူကို အခြားတစ်ပါးသို့ လွင့်စဉ်သွားအောင်ပင် ညဏ်နီညဏ်နက် ဆင်တတ်ပေသည်။ သူတစ်ပါးက မိမိထက် အမှန်သာသည်ကိုပင် ယုံတမ်းစကားသဖွယ် ဖွတ်မိုတ်၍ မယုံဘဲ နေတတ်ကြပေသည်။ မိမိကိုယ်ကိုသာ သာလွန်သည်ဟု ***မျက်ကန်းရမ်းဆ*** အယူစွဲထားတတ်ကြပေသည်။

သူတစ်ပါးထက်သာအောင် ကြိုးစားသူသည်ပင် နိမ့်ကျသူများ၏ မနာလိုစိတ်ဖြင့် ပထုတ်ရန် ကြံစည်မှု၏ သားကောင် ဖြစ်ရမည်ဆိုလျှင် ရင်နာဖွယ်ကောင်းပေလိမ့်မည်။ နိုင်ငံနှင့်ချီ၍ ကြည့်လျှင် လူတော်လူ

mgyoe.com

mgyoe.com


ကောင်းများစွာ လိုပေသည်။ မိမိ မတော်နိုင်လျှင် တစ်ပါးသူတော်သည်ကို ကျေနပ်ဝမ်းသာရှိရမည်သာ ဖြစ်ပေသည်။ မိမိအတွက် နစ်နာမှု ဖြစ်ပေါ်လာလျှင်လည်း တော်သူ၏ အပြစ်မဟုတ်၊ ညံ့သော မိမိ၏ ဘယ်သူမပြုမိမိမှုပင် ဖြစ်ပေသည်။ မိမိကို သူတစ်ပါးက မနာလို မနာသီး ကြံစည်နေလျှင် မည်သို့ရှိမည်ကို ကိုယ်ချင်းစာနိုင်ပေသည်။ ထို့ကြောင့် ကိုယ့်ထက်သာ၍ မနာလိုသော ညဉ်ဆိုးကိုလည်း စွန့်ပယ်ရပေမည်။

❒

mgyoe.com

mgyoe.com

# ခုတုံးလုပ်၍ နင်းတက်ခြင်း

လူ၏ အကျင့်တရားတွင် ကိုယ်ချင်းစာတရားသည် အရေးကြီးသော ကျင့်ဝတ်တစ်ပါး ဖြစ်၏။ သို့ရာတွင် လူတို့တွင် အတ္တစိတ်လွှမ်းမိုးတတ်သည်ဖြစ်ရာ တစ်ခါတစ်ရံတွင် မိမိအကျိုးရှိမည့်ကိစ္စဖြစ်လျှင် သူတစ်ပါးကိုပင် ဒုက္ခဖြစ်စေသည့်တိုင်အောင် ဖွတ်မိုတ်၍ လုပ်တတ်ပေသည်။ ထိုညဥ်ဆိုးမျိုးသည် အချို့သောသူတို့တွင် ထာဝရစရိုက်တစ်ခုသဖွယ် စွဲတည်နေတတ်ပေသည်။

မိမိအမြတ်ရရေး၊ အကျိုးရှိရေးအတွက် ပစ္စည်းအတု ပြုလုပ်၍ ရောင်းကြပေသည်။ မိမိပစ္စည်းကို ထင်ရှားပြီး ပစ္စည်းယောင်ယောင်ပြု၍ ဈေးကွက်ရစေရန် ဖန်တီးခြင်းမျိုးသာမက မစစ်မမှန် အန္တရာယ်ရှိစေသော အရာများကို ရောစပ်၊ အစားသွင်း၍ ပြုလုပ်ရောင်းချသည်အထိ အတင့်ရဲကြ၏၊ လုပ်ရက်ကြ၏။ ခိုးဝှက် ခါးပိုက်နှိုက်ရာတွင် ပစ္စည်းပိုင်ရှင်သည် မိမိဆုံးရှုံးမှုအတွက် မည်မျှစိတ်ထိခိုက်မည်ကို မသိ၊ မစဉ်းစားမိ၍ မဟုတ်ပေ။ သို့ရာတွင် **"မည်သူသေသေ ငတေမာပြီးရော"** ဆိုသည့် စိတ်ထားဖြင့် သူတစ်ပါး အကြောင်းကြကို မငဲ့ဘဲ မိမိ ကိုယ်ကျိုးရှာ

mgyoe.com

mgyoe.com


တတ်သော စိတ်ကြောင့်ပင် မသမာသောအမှုကို ပြုလုပ်မိကြခြင်း ဖြစ်ပေသည်။

အချို့သော မိန်းမယုတ်မာများသည် မိမိကိုယ်ကျိုးအတွက် အပြစ်မဲ့သော မိန်းကလေးများကို လိမ်လည်လှည့်ဖြား၍ တံစိုးလက်ဆောင်အဖြစ် သိမ်းသွင်းပေးတတ်ကြ၏။ ထိုမျှမက မိမိအတွက် ငွေရှာပေးစေရန် ပြည့်တန်ဆာအဖြစ်ပင် စေခိုင်းကြသေး၏။ အချို့ အိမ်ရှင်များသည် အိမ်ဖော်များအား မနိုင်သောဝန်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ပေးရန် စေခိုင်းတတ်၏။ သူတစ်ပါး၏ ကိုယ်စိတ်ပင်ပန်းမှုအပေါ်မှ မိမိအကျိုးကို ဖန်တီးရယူခြင်းကို နိုင်ငံရေးဝေါဟာရအားဖြင့် ***ခေါင်းပုံဖြတ်ခြင်း***ဟု ခေါ်ဆို၏။ ထိုညဉ့်ဆိုးသည် အကြီးအကျယ်မှ အသေးအဖွဲ့အထိ ပမာဏအမျိုးမျိုးဖြင့် ရပ်တည်တတ်ပေသည်။

အချို့သောသူတို့သည် မိမိအပြစ်တင် စွပ်စွဲ နှိမ့်ချပြောလိုသောစကားမျိုးကို မိမိကိုယ်တိုင် ပြောဝံ့ပြောရဲ မရှိဘဲ သူတစ်ပါးက ပြောဆိုနေသည်ကို ကြားရလေဟန် အခြားသူတစ်ဦးကို ယုတ်ပတ်ဆွဲထည့်ကာ ခုတုံးလုပ်တတ်ကြပေသည်။ ဤသည်မှာ ***သူတစ်ပါးမိုက်နှင့် ဓားထိုးခံသည်*** ဆိုသကဲ့သို့ ပြုမူခြင်းမျိုးပင်ဖြစ်တတ်ပေသည်။

အချို့သောသူများသည် တစ်ဖက်သား၏ မကောင်းကြောင်းပြောကာ တစ်စုံတစ်ယောက်၏ မျက်နှာသာကို ရယူတတ်လေသည်။ အကြောင်းမဲ့ ကုန်းချောခံရသူမှာ မည်သို့ နစ်နာမည်ကို မတွက်ဆဘဲ မိမိမျက်နှာသာရရန်သာ အရေးထားတတ်ပေသည်။ မိမိမျက်နှာသာရမည်ဆိုလျှင် မည်သူ့ကို အန္တရာယ်ပြုရပြုရ ဝန်မလေးတတ်ကြပေ။ မိမိရာထူးတိုးတက်ရေးအတွက် အခြား အလားအလာရှိသူကိုဖြစ်စေ၊ မိမိအထက်က လူကိုဖြစ်စေ ချောက်တွန်းရန် အမျိုးမျိုး ကြံစည်တတ်ပေသည်။ ထိုသူကို မတရားနည်းဖြင့် ပထုတ်ရန် ဉာဏ်နီဉာဏ်နက်ဆင်

mgyoe.com

mgyoe.com


ကာ ဆရာမွေး၊ တပည့်မွေးလုပ်၍ အကွက်ဆင်တတ်ပေသည်။

ဤသို့ မိမိအကျိုးအတွက် သူတစ်ပါးကို ခုတုံးလုပ်၍ နင်းတတ်သော ညဉ်ဆိုးသည် လူ့ညဉ်တစ်မျိုးပင်ဖြစ်ပေရာ ကိုယ်ချင်းစာတရားဖြင့် ကုစားပယ်ဖျောက်ရပေမည်။

❒

mgyoe.com

mgyoe.com

## ဖောက်ပြန်တတ်ခြင်း

**"ပုထုဇနော ဥမ္မတ္တကော"** ဟူ၍လည်းကောင်း၊ **"လူ့စိတ်သည် မျောက်စိတ်နှင့် အတူတူပင်ဖြစ်သည်"** ဟူ၍လည်းကောင်း ဆိုရိုးပြုကြပေသည်။ လူ၏စိတ်သည် စက္ကန့်နှင့်အမျှ ပြောင်းလဲနေတတ်ပေသည်။ ထိုပြောင်းလဲနေသောစိတ်အစဉ်တွင် မိမိဦးတည်ရာ၊ မိမိထားရှိလိုရာစိတ်ကို တစ်သမတ်တည်း စွဲယူထားရပေသည်။ ဤသည်မှာ ရည်မှန်းချက်၊ ယုံကြည်ချက်တို့ကို စွဲပိုက်ထားရမည့် သဘောပင်ဖြစ်လေသည်။ စိတ်က ဆွဲဆောင်တိုင်း လေလွင့်သစ်ရွက်ပမာ လိုက်ပါနေ၍ မဖြစ်ပေ။ ခိုင်မာသော ရပ်တည်ချက်ထားရှိရပေမည်။

သို့ရာတွင် အချို့သော လူတို့သည် စိတ်အလိုကို ငြင်းဆန်နိုင်ခြင်း မရှိဘဲ စိတ်ပြေးရာသို့ ပြောင်းရွှေ့လိုက်ပါမိတတ်လေသည်။ စိတ်၏ ကျေးကျွန် ဖြစ်ကြရပေသည်။ ထို့ကြောင့် ထားရှိသော အဓိဋ္ဌာန်ပျက်ယွင်းရလေသည်။ ကတိပေါက်ပျက်ရပေသည်။ သမာဓိ ယိုင်လဲရပေသည်။

လူ့လောကတွင် ယုံကြည်ချက်ဆိုသည်မှာ အခိုင်အမာရှိအပ်ပေသည်။ ပေးအပ်သော ကတိတစ်လုံးကို လေးစားစောင့်ထိန်းရပေမည်။

mgyoe.com

mgyoe.com


လူတစ်ယောက်အနေဖြင့် ထားရှိအပ်သော ကျင့်ဝတ်သိက္ခာများကို စောင့်စည်းရပေမည်။ အိမ်ထောင်ရေးအနေဖြင့် လူ့စည်းကမ်းများကို လိုက်နာရပေမည်။

သို့ရာတွင် အချို့သော သူတို့သည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်တတ်ကြပေသည်။ မိမိ လက်မထပ်နိုင်သေးသော (ဝါ) လက်ထပ်ရန်မသေချာသေးသော မိန်းကလေးတစ်ယောက်ကို ကျူးကျူးလွန်လွန် မရှိအောင် ထိန်းသိမ်းရမည့် လူ့ကျင့်ဝတ်ကို မလေးစား၊ မစောင့်စည်းသူများများစွာရှိပေသည်။ မိန်းကလေးတစ်ယောက်၏ နောင်ရေးကို ထည့်သွင်းမစဉ်းစားဘဲ တဒင်္ဂသာယာမှုကိုငဲ့၍ ပန်းကောင်းအညွန့်ချိုး ပြုမူတတ်သူများလည်း ရှိပေသည်။

ထိုမှတစ်ပါး သူတစ်ပါး၏ ကာမပိုင်မယား၊ ကာမပိုင်လင်သားတို့နှင့် တိတ်တခိုး ဆက်ဆံကျူးလွန်တတ်သူများလည်း ရှိပေသည်။ လင်ခိုးခြင်း၊ မယားခိုးခြင်းကို နိုင်ငံအသီးသီး၏ ဥပဒေများတွင် ရာဇဝတ်ပြစ်မှုအဖြစ် သတ်မှတ်ထား၍ ဗုဒ္ဓဘာသာတရားတွင် ***ပရဒါရကံ*** ဟူ၍လည်းကောင်း၊ ***ကာမေသုမိစ္ဆာစာရ*** ဟူ၍လည်းကောင်း အပြစ်သတ်မှတ်ထားပေသည်။ လူတစ်ဦးတစ်ယောက်၏ အိုးအိမ်၊ မိသားစုဟူသော အဖွဲ့အစည်း၏ သာယာပျော်ရွှင်မှုကို ဝင်ရောက်ဖျက်ဆီးကာ သူ့အချစ်၊ သူ့မြတ်နိုးရာကို ခိုးကြောင်ခိုးဝှက်ရယူပျော်ပါးခြင်း၊ ကိလေသာဆိုးယုတ်ဖောက်ပြန်ခြင်း၊ လူ့ဘောင်စည်းတားကို ဖြတ်ကျော်ခြင်းမျိုးကို မည်သူကမျှ ခွင့်လွှတ်မည် မဟုတ်ပေ။

လူ့စိတ်သည် လှရာကို တပ်မက်ပေမည်။ လာဘ်လာဘ အခွင့်အလမ်းကို လိုချင်တောင့်တပေမည်။ သို့ရာတွင် ထိုအကြောင်းများကြောင့် စိတ်က ဖောက်ပြန်ခြင်းမျိုးကို ***ကာယကံမြောက်*** ပြစ်မှုတစ်ရပ်မကျူးလွန်မိမီ ထိန်းကွပ်ရပေမည်။ **ရာဂစိတ်ဆင်ရိုင်းကို ပညာ**

mgyoe.com

mgyoe.com



**ချွန်း အုပ်ရပေမည်**။ စိတ်က ပျော်ပါးသာယာလိုသော်လည်း **အဂမန ဝဏ္ဏု** မလိုက်စားသင့်၊ မသွားသင့်၊ လက်မခံသင့်သော အရာတို့ကို စောင့်စည်းဆင်ခြင်ရပေမည်။ သူ့မယား၊ ကိုယ့်မယားဟူ၍ နယ်ပယ် မခွဲခြားဘဲ စိတ်အလိုလိုက်ကာ တိရစ္ဆာန်ကဲ့သို့ ပိုင်ဆိုင်မှု၊ ဘဝရပ်တည် မှုမရှိဘဲ ကြုံရာ မှောက်မှားလိုက်စားတတ်သော ဖောက်ပြန်မှုမျိုးကို ယောကျ်ားရော မိန်းမပါ စောင့်စည်းရပေမည်။ ကာမဖောက်ပြန်သော ညည့်ဆိုးကိုလည်း အပြတ်နှိမ်ရပေလိမ့်မည်။

❐

mgyoe.com

mgyoe.com

# စကားရှုပ်တတ်ခြင်း

အချို့သောသူတို့တွင် သတင်းစကားတစ်ခု သိရလျှင် မိမိအသိထဲတွင်သာ သိမ်းသိုမထားနိုင်ဘဲ အခြားသူများကိုပြောရမှ ကျေနပ်တတ်ပေသည်။ ထိုသို့ မပြောရသေးလျှင်၊ မပြောဘဲနေရလျှင် နေမထိထိုင်မသာ ဝမ်းထဲတွင် ယားကျိကျိ ဖြစ်နေတတ်ပေသည်။ အထူးသဖြင့် ကောင်းသတင်းကို မဖြန့်တတ်သော်လည်း မကောင်းသတင်းကို ဖြန့်တတ်ပေသည်။ ဤဝါသနာမှာ သူတစ်ပါးကောင်းကျိုးကို မလိုလားသော၊ သူတစ်ပါး မကောင်းဖြစ်သည်ကို နှစ်သက်သာယာတတ်သော သဘောကို အခြေခံပေသည်။ ဤသို့ သဘောမထားပါဟု ဆိုစေကာမူ မသိမသာ ထိုစိတ်သဘော အခြေခံရှိနေကြောင်း သိနိုင်ပေသည်။ အချို့သော စိတ်သဘောသည် နုနယ်သိမ်မွေ့သည့်အခိုက်တွင် ဇာတိရုပ် ထင်ရှားမဆောင်သော်လည်း ဦးတည်ရာလမ်းကြောင်းကား ထင်ရှားပေသည်။

မကောင်းသတင်းကို ဖြန့်ဖြူးသည့်အခါတွင် ပင်ကိုစေတနာဆိုးလျှင် ဆိုးသလောက် ပိုမိုချဲ့ထွင်ကာ သာသာထိုးထိုး ဖြန့်တတ်ပေသည်။ အခြားသူတစ်ယောက်က ယုံကြည်၍ ပြောသောစကားကို မိမိက ကြား

mgyoe.com

mgyoe.com


နေပုဂ္ဂိုလ်လုပ်ကာ သက်ဆိုင်ဆက်စပ်သော အခြားတစ်ဖက်သို့ ပေါက်အောင် ကူးလူးပို့ဆောင်တတ်ပေသည်။ ဤသို့ ပို့ဆောင်ရာတွင် တစ်ဖက်တည်းသို့သာ ပို့ခြင်းမဟုတ်ဘဲ ကျန်တစ်ဖက်မှ ပြန်ပြောသမျှကိုလည်း အခြားတစ်ဖက်သို့ ဖောက်သည်ချပြန်လေသည်။ စပ်ကြားမှနေ၍ နှစ်ဖက်အနက် တစ်ဖက်စီတိုင်းကို အကျိုးလိုလားယောင်ပြုကာ နှစ်ဖက်စလုံးကို တစ်ဖက်နှင့်တစ်ဖက် မကျေမလည်ဖြစ်အောင် သပ်လျှိုနေတတ်ပေသည်။ ဤသို့ နှစ်ဖက်လုံးကို တိုက်စားသော နှစ်ဖက်လွှလုပ်ရသည်ကိုပင် သာယာနေတတ်ပေသည်။

သို့ရာတွင် အကြောင်းမသင့်၍ နှစ်ဖက် စွပ်စွဲပြောဆိုမေးမြန်းရာမှ ကြားလူ၏ လုံ့လ ပယောဂ လုံးလုံးပေါ်လာသောအခါ မျက်နှာချင်းဆိုင်၍ ကျမ်းရွက်ရ၊ သက်ိရှင်းရ၊ ဖြောင်ကွယ်ရ စသည်ဖြင့် အလုပ်ရှုပ်လာရတတ်ပေသည်။ မပြောသည်ကို အပြောလုပ်၍ မိမိက ကြားဖြည့်ဖန်တီးလုပ်ကြံမှုများအတွက် မိမိသာ တရားခံ ဖြစ်ရတတ်လေသည်။ အချို့သောသူများမှာ ဤစကားရှုပ်မှုမျိုးကို တစ်ကြိမ်နှင့်လည်း မမှတ်ဘဲ အရှက်အကြောက်မရှိ တစ်သက်တာလုံး ဝါသနာကြီးစွာ စွဲပြုကျင့်နေတတ်ပေသေးသည်။ ဤသို့ စကားရှုပ်ရသည်ကိုပင် မြိန်ရေရှက်ရေ အရသာခံနေတတ်ပေသေးသည်။ ဓာတ်သိသူများ၏ ဝိုင်းပယ်ခံရစေကာမူ နောင်တ မရတတ်ပေ။

ကုန်းတိုက်ခြင်းကို တစ်ဖက်အကျိုးလိုလား၍ ပုံ့ပိုးအသိပေးလေဟန်ထင်မှတ်နေတတ်ပေသည်။ နှစ်ဦးနှစ်ဖက် မသင့်တင့်သည်ကို သင့်တင့်အောင် မဆောင်ရွက်သည်သာမက နှစ်ဦးသင့်မြတ်နေခြင်းကို ဖျက်ဆီးလိုတတ်ပေသည်။ ယင်းသို့ မဖျက်ဆီးစေလိုကာမူ တစ်ဖက်ဖက်က မိမိကိုသာ ယုံကြည်အားကိုးစေလိုပေသည်။ သူတစ်ပါးနှင့်ခွာ၍ မိမိဘက်သို့ ယိမ်းယိုင်စေရန်နှင့် ထိုသို့ တစ်ဦးဦးနှင့် မခေါ်နိုင်၊ မပြောနိုင်

mgyoe.com

mgyoe.com


ပြုံးရှုနေခြင်းကို အမြတ်ထုတ်ကာ မိမိအတွက် အခွင့်သာမှုကို ဖန်တီးလို ပေသည်။

သူတစ်ပါးအကြား ကုန်းတိုက်ခြင်းသည် အကျိုးလိုလား၍ အသိပေးခြင်းနှင့် ခြားနားပေသည်။ မကောင်းသတင်းလွှင့်ခြင်းနှင့် အကျိုးလို၍ သတိပေးခြင်းမှာလည်း ခြားနားပေသည်။ မိမိက စတင်၍ မမှန်သတင်း လုပ်ကြံဖန်တီး၍ အပုပ်ချခြင်းကား ပို၍ပင် ဆိုးပေသည်။ လူ့ကျင့်ဝတ် တွင် မထားကောင်းသော၊ မစွဲကောင်းသော ညဉ်ဆိုးပင်ဖြစ်ပေရာ ထိုညဉ်ဆိုးကိုလည်း အနိုင်ခွာရပေမည်။

❒

mgyoe.com

mgyoe.com

# ကိုယ့်အပြစ်ကို ဖုံးကွယ်တတ်ခြင်း

လူဆိုသည်မှာ အပြစ်မကင်းသော သတ္တဝါပင်ဖြစ်၏။ သို့ရာတွင် တစ်ဖက်၌ အပြစ်ကို ဖုံးကွယ်တတ်သော အကျင့်လည်းရှိ၏။ မည်သူမျှ အပြစ်ရှိသော အဖြစ်သို့ မရောက်လိုကြပေ။ တကယ် အပြစ်ကျူးလွန်ခဲ့သော တရားခံများကပင် ဥပဒေရှေ့မှောက်၌ အပြစ်လွတ်အောင် လျှောက်လဲကြ၏။ ယုတ်စွအဆုံး အပြစ်ပေါ့လိုကြ၏။ ဤသည်မှာ လူ့အကျင့်ပင်ဖြစ်ပေသည်။

အပြစ်မဖြစ်လိုလျှင်၊ အပြစ်တင်မခံလိုလျှင် အပြစ်မဖြစ်အောင်နေလျှင် မရပါသလော။ လူသည် သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ၊ ဆင်ခြေကန်၍ဖြစ်စေ တစ်ချိန်ချိန် တစ်ခါခါတွင် အပြစ်ပြုလုပ်မိတတ်ပေသည်။ သို့ရာတွင် မိမိက အပြစ်ကို တမင်ပြုလုပ်ခြင်းမဟုတ်ဘဲ အမှတ်မထင် အပြစ်ဖြစ်လာရသည်ဟုလည်းကောင်း၊ မိမိအနေဖြင့် အပြစ်ဟု မယူဆဘဲ အခြားသူများက အပြစ်ဟု ယူဆခြင်းကြောင့်သာ အပြစ်ဖြစ်လာသည်ဟူ၍လည်းကောင်း၊ မိမိအပြုအမူသည် အပြစ်ဟု ခေါ်ဝေါ်ပိုင်းခြားလောက်သော သတ်မှတ်ချက်သို့ အင်္ဂါတ ဝင်ခြင်း မရှိဟူ၍

mgyoe.com

mgyoe.com



လည်းကောင်း မှတ်ထင်ယူဆနေမိတတ်ကြပေသည်။ အချုပ်အားဖြင့် မိမိကိုယ်ကို အပြစ်မငြိအောင် ထုချေဖုံးကွယ်နေတတ်ပေသည်။

ဤထုချေချက်သည် လုပ်ကြံထုချေချက်မျိုးလည်းရှိ၍ တကယ်ရိုးသားစွာပင် ဤအတိုင်း ရှုမြင်နေခြင်းမျိုးလည်း ရှိပေသည်။ အပြစ်များစွာသည် ကာယကံရှင်၏ ပေါ့ပေါ့ဆဆတွေးမှု၊ အရေးမထားမှု၊ ကောက်ချက်လွဲမှုတို့ကြောင့် ကျူးလွန်မိခြင်းများ ဖြစ်တတ်ပေသည်။ ခိုးယူကျူးလွန်သူက စားစရာမရှိ၍ ခိုးရပါသည်ဟု ဆင်ခြေပေးတတ်ပေသည်။ အဘယ်ကြောင့် ရရာအလုပ်ကို ရိုးသားစွာ မလုပ်သည်ကိုမူ သတိမထားတတ်ပေ။ သူတစ်ပါးမယားကို ကြာခိုသူက မေတ္တာ၏ လျှို့ဝှက်နက်နဲဆန်းကြယ်ပုံကို ဖွဲ့နွဲ့သီကျူးနေတတ်ပေသည်။ လူ့စည်းလူ့ဘောင်နဲ့ ဘဝပြဿနာများကိုမူ ထည့်သွင်းမစဉ်းစားတတ်ပေ။

***မိလိန္ဒပဥှာ***တွင် အပြစ်ကို မသိ၍ကျူးလွန်သူက သိ၍ကျူးလွန်သည်ထက် ပို၍ ဆိုးဝါးကြောင်းဆိုသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်ဟုသိသူက တစ်ကြိမ်သာ ကျူးလွန်၍ နောင်တရနိုင်ပြီး အပြစ်ကို ဝန်ခံရန် အခွင့်အလမ်းရှိပြီး အပြစ်ဟူ၍ မသိ၊ မယူဆသူက ထပ်ကာတလဲလဲ ကျူးလွန်နေနိုင်ခြင်းကြောင့် ဖြစ်ပေသည်။ ဤနည်းအတိုင်းပင် အပြစ်ကြီးတစ်ခုကို အပြစ်ဟုမမြင်ဘဲ မိမိကိုယ်ကို လှည့်စားနေလျှင် ဆက်ကာဆက်ကာ အပြစ်ကျူးလွန်နေပေလိမ့်မည်။

ထို့ကြောင့် အပြစ်ဟုတ်မဟုတ် သဘာဝကျကျ ဆင်ခြင်ရပေမည်။ မိမိကိုယ်ကို ညာတာဖုံးကွယ်ကာ တစ်ကွက်ချန်၍ မတွေးသင့်ပေ။ မိမိအပြစ်ကိုလျှော့ပေါ့၍ မစဉ်းစားသင့်ပေ။ မိမိအပြစ်ကို သူတစ်ပါးအပေါ်၌ ပုံချခြင်း၊ လှိုးလွှဲအကြောင်းပြခြင်း မပြုသင့်ပေ။ မိမိအပြစ်ကို ဝန်ခံရန်နှင့် အပြစ်ဟု သတိပြုမိသော ခဏ၌ ရပ်တန်းမှ ရပ်ရန် ဝန်မလေးသင့်ပေ။

mgyoe.com

mgyoe.com



အပြစ်ကို ဖုံးကွယ်နေခြင်းထက် အပြစ်ကိုရှောင်ခြင်း၊ သတိနှင့် စစ်ဆေး၍ အပြစ်ကို တစ်ခါမှ နှစ်ခါ ဆက်လက်မကျူးလွန်မိအောင် ထိန်းသိမ်းခြင်း စသည်က ပို၍ အကျိုးထိရောက်ပေသည်။ အပြစ်ကို ဖုံးတတ်သောညဉ့်ကြောင့် မိမိပြုလုပ်သမျှကို အမှန်ဟူ၍ ဘက်လိုက်ယူဆကာ အတွေးအခေါ် မှောက်မှားလာတတ်ပေသည်။ မိမိကိုယ်ကို မိမိ လိမ်ညာနေမိတတ်ပေသည်။ အပြစ်ကို ရဲရဲရင့်ရင့်ဝန်ခံ၍ တစ်ကြိမ်ထက်ပို၍ မမှားအောင် သတိပြုခြင်းသည် လူကောင်းသူကောင်းတို့၏ အလေ့အထပင်ဖြစ်ပေသည်။ ထန်းရည်မူးခိုက် နောင်တရ၍ အမူးပြေက ထန်းပင်ကို မော့ကြည့်ပြန်ခြင်းမျိုး မဖြစ်စေသင့်ပေ။

❒

mgyoe.com

mgyoe.com

# ဖြတ်လမ်းနည်း ရှာတတ်ခြင်း

ဖြတ်လမ်းနည်းရှာတတ်ခြင်းသည်လည်း လူ့အကျင့်ပင်ဖြစ်ပေသည်။ လူဆိုသည်မှာ သက်သာမှုရှာမြဲဖြစ်ပေသည်။ ထိုအလေ့စရိုက်ကြောင့်ပင်လျှင် လူ့လောက၏ သက်သာလွယ်ကူသော ခေတ်ပေါ်သိပ္ပံနည်းနာနှင့် ကိရိယာပစ္စည်း၊ ယာဉ်ရထား၊ စက်ယန္တရားများ ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

သို့ရာတွင် မိမိသက်သာလွယ်ကူမှုအတွက် ဖြတ်လမ်းနည်းရှာရာတွင် သဘာဝကျမကျ၊ အပြစ်ကင်းမကင်း၊ သူတစ်ပါးကို ထိခိုက်မထိခိုက် စသည်ကို ဆက်စပ်ဆင်ခြင်ရပေမည်။ လမ်းမကြီးအတိုင်းသွားလျှင် ခရီးကြန့်ကြာမည်ဖြစ်သဖြင့် ဖြတ်လမ်းဖောက်၍ သွားသည်မှာ ခရီးတိုစေပေလိမ့်မည်။ သို့ရာတွင် သူတစ်ပါး၏အိမ်ရာ၊ စိုက်ခင်း၊ ရေတွင်း၊ ရေကန်တို့ကို ထိခိုက်ပျက်စီးစေမည့် ဖြတ်လမ်းမျိုးဆိုလျှင် အကျိုးနှင့်အပြစ်ကို ယှဉ်တွဲစဉ်းစားရပေလိမ့်မည်။ လူအများ၏ အကျိုးအတွက် မီးရထားလမ်း၊ တူးမြောင်း စသည် ဖောက်လုပ်ရာတွင် ပုဂ္ဂလိကပိုင်မြေယာများကို သိမ်းယူရသည်မှာ နည်းလမ်းမှန်ကန်ပေမည်။ ဤဖြတ်လမ်းမျိုးမှာ အပြစ်ထက် အကျိုးများပေမည်။

mgyoe.com

mgyoe.com


လူ့လောကတွင် မိမိတိုးတက်ရာလမ်းကြောင်း၌ မိမိအရည်အချင်းဖြင့် မှန်ကန်စွာ ကြိုးစား၍ တိုးတက်မှု ရာကြဲမည့်အစား အခွင့်အာဏာရှိသူကို တံစိုးလက်ဆောင်ပေးခြင်း၊ ဖောက်ပြန်အကျင့်ပျက်စေလျက် မိမိထောင်ချောက်တွင်း ဝင်အောင် ဉာဏ်ပရိယာယ်ဆင်ခြင်း၊ မေတ္တာအရောင်ပြ၍ မြူဆွယ်ခြင်း၊ မကောင်းမှု၌ အလိုတူအလိုပါပြုခြင်း၊ မြှောက်ပင့်ခြင်း၊ အကျိုးလိုလားယောင် သူတစ်ပါးအတင်း သတင်းပို့ပေးခြင်း၊ ထွက်ဝင်ခစားခြင်း စသည့် မကောင်းသော နည်းလမ်းများဖြင့် ကြိုးစားကြံဆောင်ခြင်းမှာ ဖြတ်လမ်းရှာခြင်း ဖြစ်ပေသည်။

**"လောကမှာ ဒီလိုလျင်မှ ကြီးပွားတာဗျ။ ဖော်လံဖားတယ်ဆိုတာ ဂုဏ်မငယ်ပါဘူး။ သူ့အကြိုက်လိုက်ပြီး ညာလိုက်ရင် ကိုယ့်အကြိုက်ရလာမှာပေါ့"** စသည်ဖြင့် မိမိတို့၏ ဖြတ်လမ်းနည်းကို ဟောင်ဖွာလပ္ပာ ဂုဏ်တင်နေသူများရှိတတ်ပေသည်။ အထူးတိုးတက်လိုလျှင် ဖြတ်လမ်းလိုက်တတ်ရမည်ဟူသော အယူအဆ ထွန်းကားလာလျှင် လူကောင်းသူကောင်းများ တိမ်ကောကုန်ပေတော့မည်။ စင်စစ်အားဖြင့် မိမိလုပ်ရည်ကိုင်ရည် ဆတက်တိုးအောင် ကြိုးစားခြင်း၊ မိမိကိုယ်ကို တန်ဖိုးမြင့်အောင် ရွက်ဆောင်ပြခြင်းသည်သာလျှင် ကောင်းသော၊ မှန်သော ဖြတ်လမ်းဖြစ်ပေသည်။

မတရားနည်းဖြင့်လိုက်သော ဖြတ်လမ်းသည် လမ်းကောင်းလမ်းမှန်မဟုတ်ပေ။ တစ်ခါတစ်ရံ ချောက်ကမ်းပါးသို့ ဦးတည်နေသောလမ်းဖြစ်နေတတ်ပေသည်။ စာမေးပွဲ မြန်မြန်အောင်စေရန် စာမေးပွဲ၌ ခိုး၍ချခြင်း၊ မြန်မြန်ချမ်းသာအောင် မှောင်ခိုအရောင်းအဝယ်လုပ်ခြင်း၊ မြန်မြန်စီးပွားတက်အောင် ဖြတ်စားလျှပ်စား၊ အဂတိတရားလိုက်ခြင်း၊ မြန်မြန်အမွေရအောင် ဆေးခတ်လုပ်ကြံခြင်း စသော ဖြတ်လမ်းများသည် အန္တရာယ်သို့ ဦးစောက်တည်နေသော ဖြတ်လမ်းမျိုးဖြစ်၍ စိတ်မချရပေ။

mgyoe.com

mgyoe.com


ဘောရန်လုံခြုံမှုလည်း မရှိပေ။ မိမိက ထိုက်တန်သော ပင်ပန်းခံ၍ မကြံ စည် မကြိုးစားဘဲ ဖြတ်လမ်းကို လိုက်ခြင်းသည် မိုက်မဲခြင်းပင် ဖြစ်ပေ သည်။ သက်သာမှု၊ တိုးတက်မှုတို့ကို ရှာဖွေခြင်းသည် လူ့စရိုက်တစ် ခုပင်ဖြစ်သော်လည်း အန္တရာယ်မကင်းသော၊ မှန်ကန်ခြင်းမရှိသော၊ မကောင်းမှုကို အားပေးသော ဖြတ်လမ်းရှာမှု ညဥ့်မျိုးကိုကား ဖယ်ရှား ရှောင်ကွင်းရပေမည်။

❐

mgyoe.com

mgyoe.com

# တံစိုးလက်ဆောင်မက်မောခြင်း

မည်သူမဆို လာဘော၊ လာဘ်ရခြင်းကို လိုလားနှစ်သက်ဝမ်းမြောက်ကြပေမည်။ သို့ရာတွင် လာဘ်ဆိုသော စကားသည် တရားသဖြင့် ကောင်းစွာရသော လာဘ်လာဘအနက်မှသည် မတရားမှုကို ပံ့ပိုးကူညီရန် ဆွဲဆောင်ဖြားယောင်းနိုင်စွမ်းသော ***လာဘ်ပေးလာဘ်ယူအနက် (ဝါ) ရှေးစကားဖြင့် တံစိုးအနက်***သို့ပင် ကူးပြောင်းနေပေသည်။ လာဘ်စားသည်၊ လာဘ်ထိုးသည်၊ လာဘ်ပေးသည်၊ လာဘ်မျှော်ကိုးသည်ဆိုသော စကားများမှာ တစ်လုံးမျှ ကောင်းသောအနက်ကို မဆောင်ပေ။

မတရားပေးသော ပစ္စည်းဉစ္စာ၊ လက်ဆောင်တို့သည် အတွင်း၌ သံကောက်ချွန်ပါသော ငါးစာနှင့် တူပေသည်။ ထိုပစ္စည်းကို လက်ခံမိသည်နှင့် မိမိသည် လမ်းမှားကို လိုက်ရပေတော့မည်။ အန္တရာယ်ကို စိုးရွံ့ရင်ဆိုင်ရပေတော့မည်။ သူ့ဆန်ကိုစားထားပြီး၍ ရဲရပေတော့မည်။

တံစိုးလက်ဆောင်ပေးသူသည် မည်မျှပင် စေတနာကို ဖြန့်ခင်း၍ မေတ္တာကို အရေခြုံကာ သဒ္ဓါတရားဖြင့် မွမ်းမံထုပ်ပိုးလာစေကာမူ မိမိ၌

mgyoe.com

mgyoe.com



မတရားရလိုမှု၊ ကိုယ်ကျိုးရည်ရွယ်မှု တစ်ခုခုကို အရင်းခံပေမည်။ မိမိပစ္စည်းကို ချစ်ပါသည်၊ ခင်ပါသည်၊ သဒ္ဓါပါသည် ဆိုရုံမျှဖြင့်မိမိအကျိုးကို ဘဲစားဘဲချေတွက်မထားဘဲ မစွန့်လွှတ်တတ်ကြပေ။ လှူဒါန်းရာ၌ပင် တမလွန်အကျိုး၊ လောကီပကာသနအကျိုး မျှော်တတ်ပေသေးသည်။ ထို့ကြောင့် အကျိုးမျှော်၍ပေးသော လာဘ်လာဘကို လက်ခံသူမှာ အားနာ၍ဖြစ်စေ၊ မကောင်းတတ်၍ဖြစ်စေ တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ကာ လိုက်လျောလာရတတ်ပေသည်။

ဝတ်စားပလွှားလော်လည်သော မိန်းကလေး၊ ရုပ်ရှင်ပွဲလမ်း အပျော်အပါး ဝါသနာပါသော မိန်းကလေး၊ ဖိုမဖက်လဲတကင်း ရင်းရင်းနှီးနှီး ဆက်ဆံခြင်းကို သန့်စင်သော ခေတ်ဆန်ခြင်းဟု အထင်ရောက်မိသော မိန်းကလေးများစွာတို့သည် လာဘ်လာဘကို တမက်တမော တခုံတမင် လက်ခံမိရာမှ တစ်စတစ်စ မလွှဲမကင်းသာ အားနာ၍ လိုက်လျောရပြီး ခေါ်ရာလိုက် ကျွေးရာစားရာမှ ဘဝတစ်ခုလုံး ရေတိမ်နစ်ကာ ပေါက်သည့်နဖူး မထူးပြီဟူသော ခံယူချက်ဖြင့် လူစင်စစ်မှ ကြွက်ဖြစ်သွားတတ်ကြပေသည်။ အခွင့်အရေးရလိုသူ၊ ရမ္မက်ကို အပိုင်ဆွတ်လိုသူ၊ ဖျက်လိုဖျက်ဆီး လုပ်လိုသူတို့သည် လူကောင်းသူကောင်း၊ စေတနာရှင်၊ ကရုဏာရှင်၊ ကယ်တင်ရှင်အယောင်ဆောင်ကာ ကြိုက်တတ်သည့် လက်ဆောင်မွန်များကို အရင်းမြှုပ်၍ လိုက်လျောတုံ့ပြန်မှုကို တစ်စပြီး တစ်စ ဆုံးခန်းတိုင်သည်အထိ အရယူတတ်ကြပေသည်။ ငါးစာကိုသာ မြင်၍ ငါးမျှားချိတ်ကို မမြင်သူများသည် **"လည်လှပြီ၊ ပတ်လှပြီ မျက်ခုံးပေါ် စကြာလျှောက်နိုင်သည်"** ဟု ဝင့်ဝါရင်းနှင့်ပင် အာခေါင်ကိုသာမက အသည်းကလီစာအထိ မရှုမလှ စူးဝင်ခံရတတ်ပေသည်။

လုပ်ငန်းခွင်များ၌လည်း မတရားရနိုင်မည့် လာဘ်လာဘကို မျှော်၍ဖြစ်စေ၊ လက်ခံပြီးသော လာဘ်ကို ငဲ့၍ဖြစ်စေ မတရား မမှန်ကန်မှု

mgyoe.com

mgyoe.com


များကို ပြုလုပ်ပေးတတ်ပေသည်။ ရလေလိုလေအိုတစ္ဆေဖြစ်ကာ လာဘ်ထိုးသူကိုသာ ဦးစားပေး၊ အခွင့်အရေးပေး၍ အခွင့်အာဏာ အလွဲသုံးစားလုပ်မိတတ်ပေသည်။ မိမိ၏ မတရားမှုကြောင့် အခြားသူများ၊ နိုင်ငံနှင့်ရည်ရွယ်ချက်၊ သမာဓိနှင့် သစ္စာတရား မည်သို့ ဆုံးပါးရသည်ကိုမူ မစဉ်းစားမိတတ်ပေ။ အပြစ်မပေါ်၍ အန္တရာယ် မကြုံရစေကာမူ မစင်ကြယ်သော လာဘ်လာဘသည် အေးမြသောအကျိုးကို ထာဝစဉ် မပေးနိုင်ပေ။ မတရားရမည့် ပစ္စည်းဥစ္စာကို မမက်မော၊ မိမိစင်ကြယ်စွာ ***ကာယဉာဏ*** လုပ်အားနှင့်ရသည်ကိုသာ တန်ဖိုးထားရပေလိမ့်မည်။

❒

mgyoe.com

mgyoe.com

## ဘုကျတတ်ခြင်း

**"ချစ်စေလိုလျှင်လည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလို လျှင်လည်း ခံတွင်းလက်လေးသစ်"** ဟူ၍ ဆိုရိုးရှိပေသည်။ ပါး စပ်တစ်ပေါက်သည် အချစ်ကိုလည်းကောင်း၊ အမုန်းကိုလည်းကောင်း စေစားနိုင်စွမ်းရှိပေသည်။

အချို့သောသူတို့၏ ပါးစပ်သည် ချစ်စဖွယ်၊ ပီတိဖြစ်စဖွယ် နား ထောင်၍မဝနိုင်သော ချိုသာအေးမြသည့် စကားလုံးများကို မွေးထုတ် တတ်သည်။ အချို့သောသူတို့၏ ပါးစပ်ကား သံရည်ပူ၊ ကတ္တရာပူ၊ ခဲရည်ပူများကို သွန်ထုတ်နေသည့်အလား နားမချမ်းသာစဖွယ် ပြော တတ်ရုံမျှမက ပါးစပ်ပေါက်မှ ခဲများ၊ ပုလင်းများ၊ ကျည်ဆန်များ ပစ် လွှတ်နေသည်နှင့်မခြား နာကျင်ဒေါသဖြစ်စရာ စော်ကား၊ နှိမ့်ချ၊ ပုတ်ခတ်၊ ပြစ်တင်၊ ဆဲရေးသံများ ပေါ်ထွက်လာတတ်ပေသည်။ ပြော စရာစကားကို အေးအေးသက်သာ မပြောတတ်။ အပေါ်စီးဖြင့် တစ်ဖက် သားကို ထိပါးပုတ်ခတ်၍ စိတ်မသက်သာအောင် ပြောတတ်ပေသည်။ အသံကြားလျှင် ထပြေးချင်အောင် သို့မဟုတ် ခဲနှင့်ပေါက်ချင်အောင် ပြောတတ်သူမျိုးရှိပေသည်။

mgyoe.com

mgyoe.com


**"ကျုပ်ကတော့ အပြတ်ပဲ"** ဟု ပြောကာ မိမိသည် မဟုတ်မခံ တိကျပြတ်သားသူဟူ၍ ဂုဏ်ယူလေ့ရှိပေသည်။ အဆုံးအဖြတ် အယူ အဆပြတ်သားခြင်း၊ မကောင်းမှုကိုမပြုဘဲ သန့်စင်စွာနေတတ်ခြင်း၊ မတရားမှုကို လက်မခံတတ်ခြင်း စသည်တို့မှာ ကောင်းသော ကိုယ်ကျင့် တရားများ ဖြစ်ပေသည်။ သို့ရာတွင် ဤစိတ်ဓာတ်မျိုးနှင့် ပါးစပ်ပေါက် ဆိုးခြင်း၊ ဘုကျတတ်ခြင်းတို့ကို ရောမှားရန် မသင့်ပေ။

**"တစ်လောကလုံး ငါ့ရန်သူချည်း ဖြစ်သည်။ လူများကို တောက်တောက်ခါးခါး ပြင်းပြင်းထန်ထန် ထိပါးပြောဆိုမှ မိမိ ကို လေးစားရိုသေကြောက်ရွံ့လာမည်"** ဟူ၍ မှတ်ထင်ယူဆနေ ခြင်းမျိုးသည် မမှန်ကန်ပေ။ လူများအနက်တွင် မိမိပြောရာဆိုရာကို အောက်ကျခံ၍ မလွှဲမရှောင်သာ နာခံနေမည့်လူမျိုးသာ ရှိသည်မဟုတ် ဘဲ မိမိနှင့်တန်းတူ၊ မိမိက လေးစားရိုသေ အရေးထားရမည့်လူများလည်း ရှိပေသည်။ လူအားလုံးကို ဟိန်းဟောက်ကြိမ်းမောင်းနေ၍ သင့်မည် မဟုတ်ပေ။ လူအများက ရွံ့ကြောက် ကြောက်ခြင်းနှင့် လေးစားကြည်ညို ခြင်းသည် အရသာချင်း မတူပေ။ ချစ်ကြောက်ရိုသေခြင်းသည်သာလျှင် လိုလားအပ်ပေသည်။

ရိုးရိုးပြော၍ရသော စကား၊ အလိုက်သင့် ပြေပြေလည်လည်ပြော၍ ရသော စကားတို့ကို သာယာညင်းပျောင်း ပြောဆိုနိုင်ပေသည်။ ဘုကျကျ ကန့်လန့်တိုက်၍ပြောမှ ပြီးစီးမည်မဟုတ်ပေ။ မိမိမတတ်နိုင်သော ကိစ္စကို အော်ငေါက်၍ နှိပ်နယ်ပြောမည့်အစား ပြေပြစ်အေးဆေးစွာ ပြော၍ လည်း ရပေသည်။ အလွန်မှားယွင်းနေသော ကိစ္စကိုလည်း ချောင်စွာဖြင့် ပဲ့ပြင်ပေးနိုင်ပေသည်။ မိမိအလိုမကျသော အရာတို့တွင်လည်း နည်း လမ်းစနစ်နှင့် နားဝင်အောင် ထောက်ပြနိုင်ပေသည်။ ဘုတောမှ၊ ခွကျကျ တစ်တစ်ခွခွပြောမှ၊ ပိဿာလေးနှင့် ဘေးကိုပစ်မှ လိုရင်းရောက်မည်

mgyoe.com

mgyoe.com


မဟုတ်ပေ။

မိမိဉာဏ်ရှိသော ထွက်သောဒေါသကို ထိန်းချုပ်၍ဖြစ်စေ၊ မိမိဂုဏ်သိက္ခာကို ထောက်ထား၍ဖြစ်စေ၊ အကျိုးထိရောက်မှုကို ရှေးရှု၍ဖြစ်စေ၊ တစ်ဖက်သား၏ ချစ်ကြောက်ရိုသေမှု၊ နားဝင်သာမှုကို ငဲ့၍ဖြစ်စေ အေးဆေးတည်ငြိမ်စွာ ပြောဆိုရပေမည်။ ဘုကျသည်ဆိုခြင်းသည် ဂုဏ်ပြုခြင်း မဟုတ်၊ ရှုတ်ချနေခြင်းသာဖြစ်ပေသည်။ အရာရာကို ရန်စွယ်ငေါငေါနှင့်မြင်၍ ကန့်လန့်ပြောမည်ဟု အားခဲထားလေသမျှ အမြဲဘုကျနေပေလိမ့်မည်။ ထို့ကြောင့် ဉာဉ်ဆိုးဖြစ်သော ဘုကျတတ်သည့် ဉာဉ်ကိုလည်း ချိုးဖြတ်ရပေမည်။

❐

mgyoe.com

mgyoe.com

## မျက်နှာလို မျက်နှာရ လုပ်တတ်ခြင်း

**"မြေနိမ့်ရာလှံစိုက်"၊ "ရေများရာမိုးရွာ"၊ "မျက်နှာကြီးရာဟင်းဖတ်ပါ"** စသော စကားပုံများသည် လူ၏ စရိုက်ကို ဖော်ပြသော စကားပုံများ ဖြစ်ကြပေသည်။ လူသည် မြင့်သောသူကို မြှင့်ပင့်ခယတတ်ပေသည်။ နိမ့်သောသူကို ကြွင်းနာရမည့်အစား ဖိ၍ ထောင်းတတ်ပေသည်။

ကြီးမြင့်သော လူတစ်ယောက်ထံမှ မိမိကိုယ်ကျိုး အလားအလာကို မျှော်ကိုး၍ ခယခြင်းမျိုးသာမက ထိုသို့ကြီးမြင့်သူ၏ နှုတ်ဆက်ခြင်း၊ အရေးတယူခေါ်ငင်ခြင်း၊ ပြုံးပြခြင်းတို့ကို ခံရလျှင်ပင် ရောမလာဘ်လာဘ မင်္ဂလာတစ်ပါးကဲ့သို့ မှတ်ထင်သာယာတတ်ခြင်းကြောင့် မျက်နှာချိုသွေး၊ အရေးပေးခြင်းမျိုးလည်း ဖြစ်ပေသည်။ ထင်ပေါ်ကျော်ကြား လူသိများသူကို တွေ့ချင်၊ မြင်ချင်၊ နှုတ်ဆက်သိကျွမ်းချင်ပေသည်။ ထိုသို့ သိကျွမ်းရသည်ကိုပင် ဂုဏ်ယူပေသည်။ **"ငါသည် နယ်နယ်ရရမဟုတ်။ ဤမည်သော ပုဂ္ဂိုလ်ကြီးက အရေးပြုခြင်းကိုခံရသူ ဖြစ်သည်"** ဟူ၍ ဘဝင်မြင့်၊ မာနတက်တတ်ပေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ ဂုဏ်ကပင် မိမိအပေါ် အရောင်ဟပ်၍ မိမိပါ မြင့်တက်လာယောင် ထင်မိတတ်ပေ

mgyoe.com

mgyoe.com



သည်။

ဤသဘောထားကြောင့် မျက်နှာရှိသူကို မျက်နှာလုပ်ချင်သူများ ပေါ်များတတ်လေသည်။ မိမိသိက္ခာ၊ အရှက်အကြောက်ကို မငဲ့ဘဲ ပေါ်လွင်ကျော်ကြားသူတစ်ဦးကို မျက်နှာလိုမျက်နှာရ လုပ်တတ်ပေသည်။ ထိုသူမျိုးသည် တစ်ယောက်မက ဝိုင်းဝိုင်းလည်အောင် ရှိတတ်ပေသည်။ ယပ်ခတ်ပေးရတော့မယောင်၊ နှိပ်နယ်ပေးရတော့မယောင်၊ ဖိနပ်စီးပေးတော့မယောင် ရိုကျိုးညွတ်တွား၍ ခြေမကိုင်မိ လက်မကိုင်မိအောင် ပြုစုတတ်ကြပေသည်။ ဤသို့ လေးစားခြင်း၏ အခြေခံ၌ စေတနာ သဒ္ဓါတရား မည်မျှပါသနည်း။ အကျိုးကို လို၍လော၊ သူတစ်ပါး အထင်ကြီးခံရချင်၍လော၊ မိမိအခွင့်အရေးရပုံကို ဝင့်ဝါပြလို၍လော၊ စေတနာလော၊ တဏှာလော စသည်ဖြင့် စစ်ဆေးရန် ရှိပေသည်။ အောက်ကျခံတတ်သော ဉာဉ်ကြောင့်လည်း ဖြစ်ပေသည်။ မျက်နှာလုပ်တတ်ခြင်းမှာ ဝါသနာတစ်ရပ်လည်း ဖြစ်ပေသည်။

မိမိထက်သာလွန်သူကို မျက်နှာလုပ်တတ်သူသည် မိမိအောက် နိမ့်ကျသည်ဟု ယူဆသောသူအပေါ်၌ ကြင်နာ၊ ကရုဏာထားလိမ့်မည်ကား မဟုတ်ပေ။ မြင့်မြတ်သော သူနာပြုတို့ကဲ့သို့ အယုတ်အလတ်အမြတ်မရွေး တန်းတူညီမျှ သနားစောင့်ရှောက်လိုစိတ်မျိုး ရှိမည်မဟုတ်ပေ။ ငွေပေးနိုင်သူကို ကြည်ဖြူယုယ၍ ငွေမပေးနိုင်သူကို ဥပေက္ခာထားတတ်သူမျိုးကဲ့သို့သာ သဘောထားပေမည်။ နိမ့်ကျသူကို အဖက်မတန် သဘောထား၍ အပြုအမူ အပြောအဆိုကအစ နှိမ့်နှိမ့်ချချ ဆက်ဆံတတ်ပေသည်။ နိမ့်ကျသူနှင့် သိက္ခမ်းရသည်ကိုပင် သိက္ခာတစ်ခွဲသား ကျဆင်းသွားမည်ဟု ယူဆတတ်လေသည်။ နိမ့်ကျသူကို ပို၍သာ ဖိနှိပ်တတ်ပေသည်။ အထင်သေးပေသည်။

အထက်ကိုပင့်သော သူသည် အောက်ကို ဖိတတ်ပေသည်။

mgyoe.com

mgyoe.com


အထက်ကို ပင့်ခြင်းနှင့် အောက်ကို ဖိခြင်းသည် **ယမကအစုံတစ်စုံ (ဝါ) ဒွန္ဒတစ်စုံပင်** ဖြစ်ပေသည်။ လူတစ်ယောက်ကို အခွင့်သာလျှင် တစ်ပြားတစ်ချပ် မစားရဘဲ ဝိုင်း၍ မ တတ်ကြပေသည်။ မုဒိတာတရားကြောင့် မဟုတ်ဘဲ မြှောက်တတ်သော ညဉ်ကြောင့် ဖြစ်ပေသည်။ လူတစ်ယောက် လျှောကျလျှင်လည်း အဆင်း၌ ဘီးတပ်၍ တွန်းပေးတတ်ပေသည်။ ဤသို့သော ညဉ်ဆိုးမျိုးကို မိမိကိုယ်၌ မစွဲမတည်အောင် ဂရုပြုရပေမည်။

❒

mgyoe.com